ဖြန်လည်ကြွလာခြင်း သတင်းကောင်း

Myanmar Edition **HERALD *OF HIS* COMING** **September/October 2026**

နှုတ်ကပတ်တော်ကိုလွှတ်သဖြင့်၊ သူတို့အနာကို ငြိမ်းစေ၍၊ ဖျက်ဆီးခြင်းအရာများထဲက နှုတ်ယူတော် မူ၏။(ဆာလံ၁၀၇း၂၀)

နှုတ်ကပတ်တော်၏ တန်ခိုး

(The Power Of The Word Of God)

By R. A. Torrey

တန်ခိုးသည် ဘုရားသခင်၌သာရှိပါ၏(ဆာလံ ၆၂:၁၁)။

ဘုရားသခင်ပိုင်ဆိုင်တဲ့ တန်ခိုးတွေ စီးဆင်းရာ အဓိကပင်မရေတွင်းကြီးက တော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ သမ္မာကျမ်းစာပဲ ဖြစ်ပါတယ်။ ဒီတန်ခိုးကို ကျွန်တော်တို့ ပိုင်ဆိုင်ချင်တယ်ဆိုရင် အဲဒီကျမ်းစာအုပ်ဆီကိုပဲ သွားရပါမယ်။ ဒါပေမဲ့ အသင်းတော်ထဲမှာ ကျမ်းစာကို တော့ပစ်ထားပြီး တန်ခိုးရ ဖို့ပဲ ဆုတောင်းနေကြတဲ့ သူတွေ အများကြီးပါပဲ။ လူတွေ ဟာ မိမိတို့ဘဝမှာအသီးအပွင့်တွေ သီးပွင့်နိုင်ဖို့တန်ခိုးကိုတောင့် တနေကြပေမဲ့ မျိုးစေ့ဟူသည်ကား ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သတည်း(လုကာ ၈:၁၁)ဆိုတဲ့ ယေရှု ရဲ့ စကားကိုတော့ မေ့နေတတ်ကြပါတယ်။

မိမိတို့ သက်သေခံတဲ့ အခါမှာလည်း တစ်ဖက် လူရဲ့ ခက်ထန်မာကြော နေတဲ့ နှလုံးသားကို အရည်ပျော်စေဖို့၊ ဇွတ် တရွတ်နိုင် တဲ့ ဆန္ဒတွေကို ရိုက်ချိုးနိုင်ဖို့ တန်ခိုးတွေကို တောင့်တ နေကြပြီးငါ့နှုတ်ကပတ်သည် မီးကဲ့သို့ဖြစ်သည်မဟုတ်လော။ ကျောက်ကို အပိုင်းပိုင်း ကျိုးစေသော တူကဲ့သို့ဖြစ်သည် မဟုတ် လော(ယေရမိ ၂၃:၂၉) ဆိုတဲ့ဘုရားသခင်ရဲ့ စကားကိုတော့သတိမရကြပါဘူး။

ကျွန်တော်တို့ရဲ့ အသက်တာနဲ့ အမှုတော်ဆောင် ခြင်းမှာ တန်ခိုးတွေ ပြည့်ဝ နေချင်တယ်ဆိုရင် ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ကို အဟာရ အဖြစ်မှီဝဲကြရပါမယ်။ကျမ်းစာထက်ပိုပြီးခွန်အားဖြစ်စေတဲ့ တရား အစာဆိုတာမရှိပါဘူး။ အဟာရရှိတဲ့ အစားအစာကို မစားရင်ကိုယ်ခန္ဓာမှာ အင်အားမရှိနိုင်သလိုပဲ။ သမ္မာ ကျမ်းစာကို အချိန် ပေးပြီးမလေ့လာဘူးဆိုရင်လည်း ကျွန်တော်တို့မှာတန်ခိုးအင်အားရှိလာနိုင်မှာမဟုတ်ပါဘူး။

အပြစ်ကိုသိမြင်နားလည်စေတဲ့တန်ခိုး။ တမန်တော်၀တ္ထု ၂:၃၇ မှာ ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံးပူပန် ခြင်းရှိ၍၊ ညီအစ်ကိုတို့၊ အကျွန်ုပ်တို့ သည် အဘယ်သို့ပြုရပါမည်နည်းဟု ပေတရု မှစ၍ အခြားသော တမန်တော်တို့အား မေး မြန်းကြ၏လို့ ရေးထားပါတယ်။သူတို့ကို ဒီလို နက်နက်ရှိုင်းရှိုင်းနောင်တရသွားစေတဲ့ အရာကဘာလဲဆိုတာအနောက်ကိုပြန် ကြည့်ရင် အဲဒါဟာ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်သက်သက်ပဲဖြစ်နေတာကိုတွေ့ရပါလိမ့်မယ်။ ပေတရု ဟောခဲ့တဲ့ဒေသနာကိုဖတ်ကြည့်ရင်အစကနေအဆုံးအထိ သမ္မာ ကျမ်းစာချက်တွေနဲ့ပဲ ပြည့်နေပြီး အင်မတန် ကျမ်းစာဆန်တဲ့ တရားဒေသနာတစ်ခုဖြစ်နေတာကိုတွေ့ရပါလိမ့် မယ်။သန့်ရှင်းသော ဝိညာဉ်တော်က ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ကို သူတို့ရဲ့စိတ်နှလုံးထဲအထိရောက်သွားစေခဲ့လို့ သူတို့စိတ် နှလုံးထဲမှာ အကြီးအကျယ် နောင်တရ(ဆူးနဲ့အထိုးခံရသလိုခံစား)သွားကြတာဖြစ်ပါတယ်။

ဒါကြောင့်တစ်ဖက် လူကို မိမိအပြစ်ကို မိမိ သိမြင်လာအောင်လုပ်ချင်တယ်ဆိုရင်သူတို့ကို ဘုရား သခင်ရဲ့ နှုတ်ကပတ်တော် ပဲပေးရမှာ ဖြစ်ပါတယ်။**အသစ်တဖန်မွေးဖွားစေနိုင်တဲ့တန်ခိုး**။ ယာကုပ် ၁း၁၈တွင်နိမ့်မိတသတ္တဝါတို့တွင် ကျနော်တို့သည် အဦးသီးသောအသီးကဲ့သို့ ဖြစ်စေခြင်းငှါ၊ သမ္မာတရား အား ဖြင့် မိမိအလိုတော်အတိုင်းကျနော်တို့ကို ဖြစ်ဘွားစေတော်မူ၏ဟုဖတ်ရပါသည်။

၁ပေး၂၃တွင်လည်း အဘယ်သို့ နည်းဟူမူကား၊ ပုပ်တတ်သောမျိုးစေ့မှမဟုတ်၊အဘယ်အခါမျှမပုပ်တတ်သောမျိုးစေ့ ၊ တည်ကြည်၍အစဉ်အမြဲတည်သောဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်တဖန်မွေးဖွားခြင်းကိုခံရကြပြီဟုဖတ် ရသည်။

လူ့အမြင်နဲ့ကြည့်ရင် အသစ်တဖန်မွေးဖွားခြင်(အသစ်တစ်ဖန် ပြန်လည် ဆန်းခြင်း)ဖြစ်စဉ်ဆိုတာလောကမှာအလွန်တရာရိုးရှင်းတဲ့အရာပါပဲ။ ဘုရား သခင်ဘက်မှာတော့ ဒါဟာလျှို့ဝှက်နက်နဲတဲ့အရာဖြစ်ပေမဲ့၊ အဲဒါနဲ့ပတ် သက်ပြီး ကျနော်တို့ သတိမပြုမိကြပါဘူး။ဖြစ်စဉ်ကဒီလိုပါပဲ။ လူ့နှလုံးသားက မြေဆီလွှာဖြစ်ပြီး၊ခင်ဗျားနဲ့ ကျွန်တော်တို့က တော့မျိုးစေ့ကြဲသူတွေဖြစ်ပါတယ်။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ကတော့ မြေပေါ်ကို ကျနော်တို့ချလိုက်တဲ့ မျိုး စေ့ဖြစ်ပါတယ်။ ဘုရား သခင်က ကိုယ်တော်ရဲ့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်အဲဒီမျိုး

စေ့ကိုအသက်ရှင်စေပြီးအတိုးပွားစေပါတယ် (၁ ကော ၃း၆)။ နှလုံးသားက ယုံကြည်ခြင်းနဲ့ အဲဒီနှုတ်ကပတ်တော်ကို ဖက်တွယ် လက်ခံလိုက်တဲ့အခါ အသက်တာသစ်ဆို တာပေါ်ထွက်လာပါတော့တယ်။ မွေးဖွားခြင်းအသစ်ဆိုတာ သဘာဝအသစ်တစ်ခု၊ ဆိုလို တာက ဘုရား သခင်ရဲ့ သဘာဝကို ရရှိခံစားရခြင်းပါပဲ။ ဘုရားသခင်ရဲ့ သဘာဝကို ကျနော်တို့ ဘယ်လို ဆက်ဆံဝင်စားခွင့်ရကြသလဲ။ ၂ပေ ၁း၄ နဲ့ အနီးအနား က ကျမ်းချက်တွေကို ဖတ်ကြည့်ပါ။ သာ၍ကြီး မြတ်၍ အဖိုး ထိုက်တန် သော ကတိတော်များ အား ဖြင့် သင်တို့သည် ဘုရား သခင်၏ သဘာဝကို ဆက်ဆံဝင်စားသူများ ဖြစ်လာ စေရန်၊ ဆိုတဲ့အတိုင်းပါပဲ။ ဘုရား သခင်ရဲ့နှုတ်ကပတ်တော်ဆိုတာ လူ့ဝိညာဉ်ထဲမှာ ဘုရား သခင်ရဲ့သဘာဝပေါက်ဖွားရှင်သန်လာစေတဲ့မျိုးစေ့ဖြစ်ပါတယ်။

ယုံကြည်ခြင်းကိုဖြစ်ပေါ်စေနိုင်တဲ့ တန်ခိုး

သို့ဖြစ်၍၊ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။ (ရောမ ၁၀း၁၇) ဆု တောင်းရုံနဲ့ ဒါမှမဟုတ် ကိုယ့်သဘောဆန္ဒအားနဲ့ ဘယ်တော့မှ ယုံကြည်ခြင်း ကိုမရနိုင်ပါဘူး။ ဘယ်လို နည်းနဲ့မှအတင်းဖွတ်ကြိုးစားပြီး ယုံကြည်ခြင်းကို ဖန်တီးယူလို့မရပါဘူး။ ယုံကြည်ခြင်းဆိုတာတိကျတဲ့ အကြောင်းရင်းတစ်ခုရဲ့ရလဒ်ဖြစ်ပြီး၊အဲဒီအကြောင်းရင်းက တော့ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ပါပဲ။ ကယ်တင်ခြင်း ယုံကြည်ခြင်းနဲ့ပတ်သက် လာရင် လည်း ဒီအတိုင်းပါပဲ။ လူတစ်ယောက်မှာကယ်တင်ခြင်းယုံကြည်ခြင်း ရှိစေချင်တယ်ဆိုရင်သူ့ကိုမှီခိုအားထားစရာဖြစ်စေမယ့်ဘုရား သခင်ရဲ့နှုတ်ကပတ်တော်မှ တိကျသေချာတဲ့အချက်အလက်တွေကိုပေးလိုက်ပါ။ ဖိလိပ္ပိမြို့ ထောင်မှူးက သခင်တို့၊ ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း၊ လို့မေးတဲ့အခါ(တမန်၁၆း၃၀)၊ပေါလုက၊သခင်ယေရှုခရစ်ကိုယုံကြည်လော့။ သို့ပြုလျှင် သင်နှင့်သင်၏ အိမ်သူ အိမ်သားတို့သည်ကယ်တင်ခြင်း သို့ရောက်ကြလိမ့်မည်လို့ပြန်ဖြေခဲ့တယ် (တမန် ၁၆း၃၁)။ ဒါပေမဲ့ ပေါလုအဲဒီမှာတင်ရပ်မနေခဲ့ပါဘူး။ အငယ် ၃၂ ကို ဆက်ဖတ်ကြည့်ပါဦး။ ထို အခါသူတို့သည်ထောင်မှူးမှစ၍အိမ်သူအိမ်သားအပေါင်းတို့အား ဘုရား သခင်၏ နှုတ်ကပတ်တရားတော်ကိုဟော ပြောကြ၏။သူတို့က ဖိလိပ္ပိထောင်မှူးကို သခင်ယေရှုခရစ်ကိုယုံကြည်ဖို့ပဲရိုးရိုးလေးပြောပြီး၊ ယုံကြည်စရာသို့မဟုတ်ကိုယ့် ယုံကြည်ခြင်းမှီခိုအားထားစရာဘာမှမပေးဘဲနဲ့ အမှောင်ထဲမှာပစ် ထားခဲ့တာမဟုတ်ပါဘူး။ ယုံကြည်ခြင်းပေါ်ထွက်လာဖို့ဘုရားသခင်သတ်မှတ်ပေးထားတဲ့ အရာကို သူတို့ ပေးခဲ့ကြတာပါ။ဒီနေရာမှာကျွန်တော်တို့မကြာခဏအမှားလုပ်မိတတ်ကြတယ်။ လူတွေကို၊ ယုံပါ၊ ယုံပါ၊ယုံပါ၊လို့ပဲပြောနေတတ်ကြပြီးဘယ်လိုယုံရမယ်ဆိုတာကိုမပြကြဘူး၊ယုံကြည်စရာတိကျတဲ့အရာကိုလည်း မပေးကြပါဘူး။ သူ့ကို ဟေရှာယ ၅၃း၆ကိုပေးပြီး အသစ်ခံရတဲ့ ခရစ်တော်ကိုပြပါ၊ ဒါမှမဟုတ် ၁ ပေ ၂း၂၄ကို ပေးလိုက်ပါ။ ဒီနေရာမှာသူ့ ယုံကြည်ခြင်းမှီခိုအားထားစရာအခြေခံအမြစ်ရှိသွားပါပြီ။ယုံကြည်ခြင်းဆိုတာတည်ဆောက်စရာအခြေခံအုတ်မြစ်ရှိရပါမယ်။

အောင်မြင်တဲ့ယုံကြည်ခြင်းကိုဖြစ်ပေါ်စေနိုင်တဲ့ တန်ခိုး။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကနေကယ်တင်ခြင်းဆိုင်ရာယုံကြည်ခြင်းတင်မကဘဲ၊ဆုတောင်းခြင်းမှာအောင်မြင်အနိုင်ရစေတဲ့ယုံကြည်ခြင်းကိုလည်းရရှိစေပါတယ်။ ဥပမာ မာကု ၁၁:၂၄ကို ဖတ်ကြည့်ရအောင်။ သင်တို့ ဆုတောင်းသောအခါ တောင်းလျှောက်သမျှသောအရာတို့ကိုရရှိပြီဟုယုံကြည်ကြလော့။ ထိုအခါ သင်တို့ အတွက်ထိုအတိုင်းဖြစ်လိမ့်မည်။ကျွန်တော်အရင်ကဆိုရင် ငါလိုချင်တာ မှန်သမျှရဖို့နည်းလမ်းကရမယ်လို့ယုံကြည်လိုက်ဖို့ပဲ၊လို့ပြောလေ့ရှိခဲ့တယ်။

ကျွန်တော် ဒူးထောက်ဆုတောင်းပြီးရမယ်လို့ ယုံကြည်အောင်အတင်းကြိုးစားဖူးတယ်၊ ဒါပေမဲ့ တောင်းတာတွေဘာမှ ရမလာခဲ့ဘူး။ ဘာလို့လဲဆိုတော့ကျွန်တော့်မှာစစ်မှန်တဲ့ယုံကြည်ခြင်းမရှိခဲ့လို့ပါ။စစ်မှန်တဲ့ယုံကြည်ခြင်းဆိုတာခိုင်မာတဲ့ အထောက်အထား သို့မဟုတ်အာမခံချက်ရှိရပါတယ်။ကိုယ်တောင်းတာကိုတကယ်ရတော့မယ်လို့မယုံကြည်ခင်၊ကျနော်တို့ရဲ့ယုံကြည်ခြင်းကိုအမှီပြုထားနိုင်ဖို့ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထဲက ခိုင်မာတဲ့ ကတိတော်သို့မဟုတ်သန့်ရှင်းသောဝိညာဉ်တော်ရဲ့ တိကျတဲ့ဦးဆောင်မှုရှိထားဖို့လိုပါတယ်။

ကျနော်တို့ ဘုရားသခင်ရဲ့ရှေ့တော်မှောက်ကိုလာကြတယ်။ ကျနော်တို့လိုချင်တောင့်တတာတစ်ခုခုရှိတယ်ဆိုပါစို့။ အဲဒီမှာမေးစရာမေးခွန်းက ကျနော်တို့ တောင့်တတဲ့အရာနဲ့ ပတ်သက်ပြီး ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထဲမှာကတိတော်ရှိရဲ့လား၊ဆိုတာပါပဲ။နှုတ်ကပတ်တော်ကို ရှာကြည့်တဲ့အခါ အဲဒီ ကတိတော်ကို တွေ့ရလိမ့်မယ်။ကျနော်တို့ လုပ်ဖို့လိုတာကအဲဒီကတိတော်ကို ဘုရားသခင်ရှေ့မှာ ချ ပြပြီး

ဆုတောင်းဖို့ပါပဲ။ ဥပမာ ပြော ရရင်၊ ကျနော်တို့က ကောင်း ကင်ဘုံ၌ရှိ တော်မူသောအဘ၊ သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံပါတယ်။ ကိုယ် တော်ကနှုတ်ကပတ်တော်ထဲ မှာ သင်တို့သည် မ ကောင်း သောသူများဖြစ်ကြလျက်ပင် သင်တို့၏ သားသမီးများအား ကောင်းသောလက်ဆောင် များပေးရမည်ကို သိကြလျှင် ကောင်းကင်ဘုံရှင် အဖသည် မိမိထံတောင်း လျှောက်သော သူများအား သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ပင် ပေးတော်မူလိမ့်မည်မဟုတ် လော။ (လုကာ ၁၁:၁၃)လို့ မိန့် တော်မူခဲ့တယ်လေ။ ပြီး တော့ တမန်တော် ၂:၃၉ မှာ လည်း ဤ ကတိတော်သည် သင်တို့နှင့်သင်တို့၏ သား သမီးများမှစ၍ အဝေးဌ၌ရှိ သောသူအားလုံးဖြစ်ကြသော ငါတို့၏ဘုရား သခင်ထာဝရ ဘုရားခေါ်တော်မူသမျှသော သူတို့အ တွက်ဖြစ်၏ လို့ ဆိုထားပါ တယ်။ ကျွန်တော် ဟာ ခေါ်ယူခြင်းခံရသူ၊ ကယ် တင်ခြင်းခံရသူဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာကိုယ်တော့် နှုတ်ကပတ်တော်ကတိတော် ရှိနေပြီ။ ကိုယ်တော် ကတိ ပေးထားပြီးသားမို့၊ကျွန်တော့် ကိုသန့်ရှင်းသောဝိညာဉ်တော် နဲ့ ပြည့်ဝစေဖို့ အခုဆုတောင်း ပါတယ်လို့ ဆုတောင်းနိုင်ပါ တယ်။

အဲဒီနောက် ၁ ယောဟန် ၅:၁၄-၁၅ကို ကိုင်ဖွဲ့ပြီး အဘ၊ အလိုတော်နဲ့အညီ ကျွန်တော် တစ်စုံတစ်ခုကို တောင်းရင် ကိုယ်တော်နားညောင်းမယ် ဆိုတဲ့ ယုံကြည်စိတ်ချမှု ကျွန် တော့်မှာရှိပါတယ်။ ကိုယ် တော်နားညောင်းမှန်းသိရင်၊ ကျွန်တော်တောင်း လျှောက် ခဲ့တဲ့အရာကိုရပြီဆိုတာလည်း ကျွန်တော် သိပါတယ်။ ပြီးရင် ဘုရား သခင်ရဲ့ဒီ၊ ကတိ တော် ပေါ် မှာ ရပ်တည်ပြီး၊ ဒါ ငါ့ အ တွက်ဖြစ်ပြီ၊ လို့ပြောပြီး ထ လိုက်ပါ။ အဲဒါ တကယ်ပဲ သင့် အတွက်ဖြစ်လာပါလိမ့်မယ်။

ဆုတောင်းခြင်းမှာ အနိုင်ရတဲ့ ယုံကြည်ခြင်းရရှိဖို့တစ်ခု တည်းသောနည်းလမ်းက တော့ ကျမ်းစာကို လေ့လာဖို့၊ ကတိတော် တွေကို သိထား ဖို့နဲ့ ဆု တောင်းတဲ့အခါ အဲဒီ ကတိတော်တွေကို ဘုရား သခင်ရှေ့မှာ ချပြဖို့ပါပဲ။ ဂျော့ခ်ျမူလာ (George Müller) ဟာ တန်ခိုးကြီးမား တဲ့ ဆုတောင်းသူတွေထဲက တစ် ယောက်ဖြစ်ပါတယ်။ ဒါပေ မဲ့ သူဟာ ဆုမတောင်း ခင်ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကို လေ့လာပြီးအမြဲ ပြင်ဆင်လေ့ရှိပါတယ်(ယော ဟန် ၁၅:၇)။ ဥပမာ၊ မ ယုံကြည်နိုင်ဘဲသံသယများ နေတဲ့သူတစ်ယောက်ကို သင် ရင်ဆိုင်ရတယ် ဆိုပါစို့။ အဲဒီ သူယုံကြည်ခြင်းရလာစေချင် ရင် သင်ဘာလုပ်မလဲ။ ယော ဟန် ၂၀:၃၁ကို ဖွင့်ပြလိုက် ပါ။ ယေရှုသည် ဘုရားသခင် ၏သားတော် ခရစ်တော် ဖြစ် ကြောင်းကို သင်တို့ယုံ ကြည် ကြရန်နှင့် ထိုသို့ ယုံကြည် ခြင်းအားဖြင့် ကိုယ်တော်၏ နာမတော်၌ အသက်ကိုရရှိ ကြရန် ဤ အရာများကိုရေး ထားခြင်းဖြစ်၏။ ဒါကြောင့် ရှင်းရှင်းလေးပါပဲ။ ယောဟန် ခရစ်ဝင်ကျမ်းကို ပေးထားရ တာဟာ အဲဒီမှာ၊ ရေးထားတဲ့၊ အရာတွေ အားဖြင့် လူတွေက ယေရှုဟာဘုရားသခင်ရဲ့ သား တော်ခရစ်တော်ဖြစ် တယ်လို့ ယုံကြည်ကြဖို့၊ ယုံကြည်ပြီး နာမတော်အားဖြင့်အသက်ကို ရကြဖို့၊ ဖြစ်ပါတယ်။ အကြင် သူသည် အလိုတော်အတိုင်း ကျင့်ခြင်းငှာအလိုရှိ၏။ ထို သူသည် ငါ့ဒေသနာတော် ဘုရား သခင်ထံမှ လာသ လော၊ သို့မဟုတ် ငါသည် ကိုယ် အလိုအလျောက်ဟော ပြော သလောဟု သိလိမ့်မည် (ယော ၇:၁၇)။ လောက၊ ဇာတိပကတိနဲ့ စာတန်မာရ် နတ်ကိုအနိုင်ရစေတဲ့ယုံကြည် ခြင်း၊ ဘုရားသခင် အတွက် ကြီးမားတဲ့ အောင်ပွဲတွေကို ဆွတ်ခူးပေးတဲ့ ယုံကြည်ခြင်း ဆိုတာလည်း နှုတ်ကပတ် တော် အားဖြင့် ရတာပါပဲ။ (၁ ယောဟန် ၅:၄၊ ဇေက် ၆:၁၆၊ ဟေဗြဲ ၁၁:၃၃-၃၄)။

အမှုတော်ဆောင်စောစောပို င်းတုန်းက ကျွန်တော် ဆရာ မူဒီ (Mr. Moody) ရဲ့ တရား ဒေသနာ တစ်ခုကိုဖတ်ခဲ့ရ တယ်။အဲဒီမှာလူတစ်ယောက် ဟာ ယုံကြည်ခြင်း မရှိရင် ဘာမှ အရာရောက်မှာ မဟုတ် ဘူးဆိုတဲ့ သဘောမျိုး ပါတာ ပေါ့။ ကျွန်တော်လည်း ဒီ တရား ဒေသနာက မှန်တယ်။ ငါ့မှာ ယုံကြည်ခြင်းရှိရမယ်၊ လို့ တွေးမိတယ်။ ဒါနဲ့ ယုံ ကြည်ခြင်းရလာအောင် အ တင်း မွေးမြူကြည့်ခဲ့ပေမဲ့ နည်းနည်းမှ မအောင်မြင်ခဲ့ ဘူး။ ယုံကြည်ခြင်းရအောင် ကြိုးစားလေ၊ယုံကြည်ခြင်းက ပိုနည်းသွားလေပါပဲ။ ဒါပေမဲ့ တစ်နေ့မှာယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။

ကြားနာခြင်းသည်လည်း ဘုရားသခင်၏နှုတ်ကပတ် တော် အားဖြင့်ဖြစ်၏ (ရောမ ၁၀:၁၇) ဆိုတဲ့ ကျမ်းချက်ကို သွားတွေ့ပြီး ယုံကြည်ခြင်းရဲ့ ကြီးမားတဲ့ လျှို့ဝှက်ချက်ကို သိသွားခဲ့တယ်။ ဒါဟာ ကျွန်တော် သိရှိခဲ့ဖူးသမျှထဲ မှာ အကြီးမားဆုံး လျှို့ဝှက် ချက် တွေထဲက တစ်ခုပါပဲ။ အဲဒီအချိန်ကစလို့ကျွန်တော့် ရဲ့ယုံကြည်ခြင်းကို ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ကျွေးမွေးခဲ့တယ်။ ဒီလို ကျွေး မွေး လာတာနဲ့အမျှ ယုံကြည် ခြင်းက အဲဒီနေ့ကစပြီး ဒီနေ့ အထိတောက်လျှောက် ကြီး ထွားလာခဲ့ပါတယ်။ဒါကြောင့် ရှူထောင့်တိုင်းကကြည့်ရင် ယုံကြည်ခြင်းဆိုတာကြားနာ ခြင်းအားဖြင့်ဖြစ်ပြီး၊ကြားနာ ခြင်းကလည်းဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့်ဖြစ် တယ်ဆိုတာတွေ့ရတယ်။

ကျနော်တို့မှာ ယုံကြည် ခြင်းရှိချင်ရင်(ဘုရားသခင်အ

တွက် တန်ခိုး ပါချင်ရင် လည်း ယုံကြည်ခြင်းရှိဖို့ လိုပါတယ်) ဘုရားသခင်ရဲ့ နူတ်ကပတ် တော်ကိုနေ့တိုင်းမှန်မှန်နဲ့ဝဝ လင်လင်သုံးဆောင်ကျွေးမွေး ရပါမယ်။

စင်ကြယ်စေနိုင်တဲ့ တန်ခိုး။ဘုရားသခင်ရဲ့ နူတ် ကပတ်တော်မှာ စိတ်နှလုံးထဲကမစင်ကြယ် တာ တွေကို ဖယ်ရှားပေးနိုင်ရုံ တင်မကဘဲပြင်ပဘဝကိုပါစင် ကြယ်စေနိုင်တဲ့တန်ခိုးရှိပါ တယ်။ ပြင်ပ ဘဝအသက် တာကိုစင်ကြယ် ချင်ရင်တော့ မိမိအသက်တာကို ဘုရားသ ခင်ရဲ့ နူတ်ကပတ်တော်နဲ့ မ ကြာခဏထိတွေ့ စေပြီး ဆေး ကြောရပါမယ်။ မီးခိုးငွေ့တွေ နဲ့ မသန့် ရှင်းတဲ့ မြို့ထဲမှာနေ ထိုင်သူ တစ်ယောက်ဟာ လမ်းပေါ် ထွက်လိုက်တာနဲ့ လက်တွေပေရေညစ်ပတ် သွားတတ်တယ်။ သူသန့်ရှင်း ချင်ရင်မကြာခဏ လက်ဆေး ပေးရ မှာ ဖြစ်ပါတယ်။ ဧဖက် ၅:၂၅-၂၆ မှာ၊ လင်ယောကျ်ား တို့၊ ခရစ်တော်သည် အသင်း တော်ကို ချစ်တော်မူသကဲ့သို့ သင်တို့၏ မယားများကိုချစ် ကြလော့။ ခရစ်တော်သည် အသင်းတော်ကိုနူတ်ကပတ် တော်ရေဆေးခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်စေ၍ဆိုပြီး ဖတ်ရပါတယ်။

ကျနော်တို့အားလုံးဟာ မသန့်ရှင်းတဲ့ လေထု၊ အလွန် ညစ်ပတ်တဲ့လောကကြီးထဲ မှာသွားလာလှုပ်ရှားနေကြရ တာပါ။ နေ့စဉ်ရက်ဆက် ဒီ ညစ်ပတ်တဲ့လောကကြီးနဲ့ ထိ တွေ့နေရတာမို့ သန့်ရှင်းနေဖို့ တစ်ခုတည်းသောနည်းလမ်း ကတော့ ဘုရားသခင်ရဲ့ နူတ် ကပတ်တော်ဆိုတဲ့ ရေနဲ့ မကြာခဏ ရေချိုးပေးဖို့ပါပဲ။ နေ့တိုင်း ရေချိုးဖို့ လိုသလို၊ အချိန်ပေးပြီး သေချာ ရေချိုး ဖို့လည်း လိုပါတယ်။ နေ့စဉ် နူတ်ကပတ်တော်ထဲမှာအချိန် ယူ စဉ်းစားဆင်ခြင်ပြီး ရေချိုး ပေးခြင်းကပဲ အသက်တာကို စင်ကြယ်စေနိုင်တာပါ။ လု လင်သည်မိမိသွားသောလမ်း ကို အဘယ်သို့အားဖြင့် စင် ကြယ်စေနိုင်ပါမည်နည်း။နူတ် ကပတ်တော်အတိုင်းသတိပြု သောအားဖြင့်စင်ကြယ်စေနိုင် ပါ၏ (ဆာလံ ၁၁၉:၉)။

ကျွန်ုပ်တို့ကိုတည်ဆောက် ပေးနိုင်စွမ်းရှိတဲ့တန်ခိုး။

တမန် တော်ဝတ္ထု ၂၀:၃၂ တွင်၊ ယခု သင်တို့ကို ဘုရားသခင်၌လည်းကောင်း၊ ကိုယ်တော်၏ ကျေးဇူးတော် နှင့်ဆိုင်သော နူတ်ကပတ်တော်၌ လည်း ကောင်းငါအပ်နှံ၏။ နူတ် ကပတ်တော်သည် သင်တို့ကို တည်ဆောက်မြှင့်တင်လျက် သန့်ရှင်းစေခြင်းခံရသောသူ အပေါင်းတို့နှင့်အတူ အမွေ တော်ကိုရရှိစေနိုင်စွမ်းရှိ၏၊ဟု ဖတ်ရပါသည်။

လူတွေက ကိုယ်ကျင့် တရား တည်ဆောက်ရေး အကြောင်းအမြဲပြောကြပါတ ယ်။ အဲဒါကို မှန်မှန်ကန်ကန် လုပ်ချင်ရင်တော့ဘုရားသခင် ရဲ့ နူတ်ကပတ်တော်နဲ့မှ ဖြစ် မှာပါ။ ၂ ပေ ၁:၅-၇ ထဲ မှာ ဆို ရင် အဆင့် (၇) ဆင့်နဲ့ ပြည့်စုံ တဲ့ ခရစ်ယာန်ပုံစံကို တွေ့ရပါ တယ်။ ဒါပေမဲ့ ယနေ့ခေတ်ရဲ့ ပြဿနာကြီးကတော့ အဆင့် တစ်ဆင့်တည်းမှာပဲ ရပ်နေတဲ့ ခရစ်ယာန်တွေ အများကြီး ရှိနေတာပါပဲ။ အကြောင်းရင်း ကတော့ နူတ်ကပတ်တော်ကို လျစ်လျူရှုလို့ပါပဲ။

ကျွန်ုပ်တို့ကြီးထွား ချင် တယ်ဆိုရင်အာဟာရပြည့်ဝ ပြီး ကျန်းမာစေမည့် အစား အစာတွေကိုများများစားရပါ မယ်။မွေးစကလေးငယ်တို့ကဲ့ သို့ ကြီးထွားကြလေခြင်းငှာ နူတ်ကပတ်တရားတော်တ ည်းဟူသော စင်ကြယ်သော နို့ကို တပ်မက်ကြလော့(၁ ပေ ၂:၂)လို့ဆိုထားပါတယ်။ က လေးတစ်ယောက်အာဟာရ ပြည့်ဝစွာ မစားဘဲနဲ့ ကောင်း ကောင်း မကြီးထွားနိုင်သလို၊ ခရစ်ယာန် တစ်ယောက် လည်း ဘုရားသခင်ရဲ့ နူတ် ကပတ်တော်ကို မှန်မှန်၊ မပြတ်၊ အမြဲတမ်း မစားသုံး ဘဲနဲ့ ဘယ်လိုမှကောင်း ကောင်း မကြီးထွားနိုင်ပါဘူး။

ကျနော်တို့ကိုပညာရှိဖြစ်စေ နိုင်စွမ်းရှိတဲ့တန်ခိုး။ကိုယ် တော်၏ နူတ်ကပတ် တော်တို့ ကိုဖွင့်ပြခြင်းသည်အ လင်းကို ပေး၍ အသိဉာဏ်နည်းပါး သောသူတို့အား အသိ ဉာဏ် ကိုပေးပါ၏(ဆာလံ ၁၁၉း ၁၃၀)။ သမ္မာကျမ်းစာ ထဲမှာ လောကရဲ့အခြားသော စာပေ တွေ အားလုံးပေါင်း ထက် တောင်ပညာတွေပိုပြည့် နှက် နေပါတယ်။တခြားဘယ် စာ အုပ်မှမဖတ်ဘဲသမ္မာကျမ်း စာကိုပဲသေချာ လေ့လာတဲ့ သူဟာ စစ်မှန်တဲ့ပညာကို အများကြီးပိုသိလာပါလိမ့် မယ်။ ဒီအချိန်ကာလအတွက် သာမက ထာဝရကာလ အ တွက်ပါ အကျိုးရှိမယ့် ပညာ၊ ဒီပျက်စီးယိုယွင်း နေတဲ့ လောကကြီး အမှန်တကယ် လိုအပ်နေတဲ့ပညာ၊ငေတ်မွတ် နေတဲ့ ဝိညာဉ်တွေ တမ်းတ နေတဲ့ပညာကို သူသိလာ ပါလိမ့်မယ်။ အခြားစာအုပ် တွေ အကုန်ဖတ်ပြီး ကျမ်းစာ ကို ကျတော့ လျစ်လျူရှုတဲ့သူ ထက်စာရင် သူက အများကြီး ပိုသိမှာပါ။တခြားစာအုပ်တွေ ကို ပစ်ထားပြီး သမ္မာ ကျမ်းစာ ကိုပဲလေ့လာတဲ့သူ ဟာ ကျမ်း စာကိုမဖတ်ဘဲကျန်တဲ့စာအုပ် တွေချည်း လေ့လာနေတဲ့သူ ထက်ပိုပြီး ပညာဉာဏ် ရှိလာ ပါလိမ့်မယ်။ တခြားအရာ တွေ အားလုံး ကို လေ့လာပြီး ဒီကျမ်းစာ တစ် အုပ်တည်းကို လျစ်လျူရှုတဲ့ဘယ်သူ့ထက်မ ဆို၊ကျမ်းစာကိုလေ့လာတဲ့သူ ကပြောစရာစကားတွေ ပိုရှိ လိမ့်မယ်၊ပညာရှိတွေ နားထောင်ချင် လောက်တဲ့ တန်ဖိုးရှိတဲ့စကားတွေကို ပိုပြောနိုင်လိမ့်မယ်။

ဒီကမ္ဘာမြေရဲ့ဝိညာဉ်ရေး ရာသမိုင်းကို အကြီးအကျယ် လွှမ်းမိုးနိုင်ခဲ့ကြတဲ့သူတွေ၊ အ

ကျင့်စာရိတ္တနဲ့သွန်သင်ချက်တွေမှာကြီးမားတဲ့ ပြုပြင်ပြောင်းလဲမှုတွေယူဆောင်လာခဲ့ကြတဲ့သူတွေ၊လူတွေအများကြီး ဝိုင်းဝန်းနားထောင်ချင်ခဲ့ကြပြီး သူတို့ပြောသမျှ စကားကိုစွဲလမ်းနာယူခဲ့ကြတဲ့ သူတွေဟာဘယ်ခေတ်ဘယ်အခါမှာမဆိုကျမ်းစာကို အဓိကထားတဲ့ သမ္မာကျမ်းစာသမား တွေချည်းပါပဲ။ အများစုက ဆိုရင် ကျမ်းစာလောက်ကိုပဲ သိကြတာပါ။

ကျောင်းပညာရေး အခွင့်အလမ်း သိပ်မရခဲ့ဖူးတဲ့၊ ယဉ်ကျေးမှုထူးထူးထောင်ထောင်မရှိတဲ့ ရိုးရိုးသားသား အမျိုးသား၊ အမျိုးသမီးတွေတောင် သူတို့ရဲ့ကျမ်းစာကို ကောင်းကောင်းသိကျမ်းနေတာကို ကျွန်တော်တွေ့ဖူးပါတယ်။ ဒဿနိကဗေဒ၊ သိပ္ပံပညာ၊ အဲဒီနောက် ဓမ္မပညာတွေအထိ အများကြီးသိပေမဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို လုံးဝမသိတဲ့သူ တစ်ယောက်ကို နားထောင်ရတာ ထက်စာရင်၊ အဲဒီ ရိုးရိုးသား သားလူတွေရဲ့ခြေရင်းမှာ ထိုင်ပြီး သူတို့နှုတ်က ထွက်လာတဲ့ ပညာစကားကိုနားထောင်ရတာကမှ ပိုကောင်းပါသေး တယ်။

တိမောသေထံ ပေါလုရေးခဲ့တဲ့ ဒီစကားတွေမှာ အံ့သြစရာကောင်းတဲ့တန်ခိုးပါရှိပါတယ်။ ဗျာဒိတ်တော်အားဖြင့် ပေးတော်မူ သမျှသော ကျမ်းစာသည် ဘုရားသခင်၏ (ဝိညာဉ်တော်)ဖြင့်(မှုတ်သွင်းခံရသည်) ဖြစ်၍၊ ဖြောင့်မတ်ခြင်း တရားကို သွန်သင်ခြင်းငှာ အကျိုးရှိ၏။ ဤသို့ အားဖြင့်ဘုရားသခင်၏ လူ သည် စုံလင်သောသူ၊ ကောင်း သော လုပ်ငန်း အမျိုးမျိုးတို့ အဖို့ အသင့်ပြင်ဆင်လျက်ရှိသော သူဖြစ်စေခြင်းငှာတည်း။(၂တိ မောသေ ၃း၁၆-၁၇)။ ဘာနဲ့လဲ။ သမ္မာ ကျမ်းစာကို လေ့လာ ခြင်းအားဖြင့်ပေါ့။

ထာဝရအသက်အတွက် ခိုင်မာသောသေချာမှုကို ပေးနိုင်တဲ့တန်ခိုး။ ဘုရားသခင့်သားတော်၏ နာမတော်ကို ယုံကြည်သောသင်တို့ထံ ဤအရာများကို ငါရေးလိုက်ခြင်းမှာ သင်တို့သည် ထာဝရ အသက်ကိုရရှိပြီဖြစ်ကြောင်း သင်တို့သိကြစေရန်ဖြစ်၏(၁ ယော ၅း၁၃)။

ဆိုလိုတာကတော့ထာဝရအသက်ကိုသေချာခိုင်မာစေဖို့ ဆိုရင်ရေးသားထားတဲ့၊နှုတ်ကပတ်တော်ကနေတဆင့်မှသာ လာတာဖြစ်ပါတယ်။ တစ်စုံတစ်ယောက်ကကယ်တင်ခြင်းရပြီဆိုတာကိုမသေချာဘူးဆိုရင်ဘယ်လိုလုပ်ရမလဲ။အဲဒီအရာကို ရသည်အထိ ဆုတောင်းနေဖို့ပြောရမလား။ လုံးဝမဟုတ်ပါဘူး။

ယောဟန် ၃း၃၆ဖြင့်လို ကျမ်းပိုဒ်မျိုးဆီကိုသူ့ကိုခေါ်သွားပါ။ သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ကို အမှန်အတိုင်းလက်ခံလာသည်အထိ ထိုအချက်မှာပဲ အမြဲသတိပေး ဆုပ်ကိုင် ထားပေးပါ။ အဲဒီ နောက်မှာတော့ သူက သားတော်ကိုယုံကြည်တဲ့အတွက်ကြောင့်၊ ပြီးတော့ သားတော်ကို ယုံကြည် သောသူသည် ထာဝရအသက်ရ၏လို့ ဘုရားသခင်က မိန့်ဆိုထားတဲ့အတွက်ကြောင့်သူ့မှာ ထာဝရအသက် အသေအချာ ရှိတယ်ဆိုတာကိုယုံကြည်သေချာလာပါလိမ့်မယ်။ **စိတ်နှလုံးသားကို ငြိမ်သက်ခြင်းပေးနိုင်တဲ့တန်ခိုး။**ဆာလံကျမ်း ၈၅း၈ မှာ၊ ငါသည် ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသောအရာကို နားထောင်မည်။

အကြောင်းမူကား ကိုယ်တော်သည် မိမိ၏လူမျိုးတော်တည်းဟူသော မိမိ၏သန့်ရှင်းသူတို့အားငြိမ်းချမ်းရေးစကားကို မြွက်ဆိုတော်မူလိမ့်မည်။ သို့သော် သူတို့သည် မိုက်မဲခြင်းဘက်သို့ ပြန်မလှည့်ကြပါစေနှင့်။လို့ ဖတ်ရပါတယ်။ ဒီနေ့ခေတ်မှာ လူအတော်များများဟာ ငြိမ်သက်ခြင်းကို ရှာဖွေနေကြတယ်၊တောင့်တနေကြတယ်၊ ဆုတောင်း နေကြပါတယ်။ ဒါပေမဲ့ စစ်မှန်တဲ့ နှလုံးသားငြိမ်သက်ခြင်းက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို လေ့လာခြင်းကနေလာတာပါ။ ဥပမာအားဖြင့်၊ သမ္မာကျမ်းစာထဲမှာ ကျမ်းပိုဒ်တစ်ခုရှိပါတယ်။ အဲဒါကို ကျွန်ုပ်တို့ရဲ့ နှလုံးသားထဲ စွဲထင်မှတ်သားပြီး နေ့စဉ်ရက်ဆက် စားသုံးနေမယ်ဆိုရင် စိုးရိမ်ပူပန်မှုမှန်သမျှ ထာဝရကင်းစင်သွားမှာပါ။

အဲဒါကတော့ ရောမဩဝါဒစာ ၈း၂၈ ဖြစ်ပါတယ်။ ဘုရားသခင်ကို ချစ်သောသူများတည်းဟူသော အကြံအစည်တော်အတိုင်း ခေါ်ယူတော်မူခြင်းခံရသောသူများအတွက် ဘုရားသခင်သည် ခပ်သိမ်းသောအမှုအရာတို့ကို ပူးပေါင်းလုပ်ဆောင်စေ၍ ကောင်းကျိုးဖြစ်စေတော်မူကြောင်းကို ငါတို့သိကြ၏။ ဘုရားသခင်ရဲ့ ခပ်သိမ်းသော အမှုအရာထဲမှာ မပါတဲ့ ဘယ်အရာမှ ကျွန်ုပ်တို့ဆီ မရောက်လာနိုင်ပါဘူး။ ဒီကျမ်းပိုဒ်ကို တကယ်ယုံကြည်ပြီးကျွန်ုပ်တို့ရဲ့ အထဲမှာ ခိုင်ခိုင်မာမာ ကိန်းအောင်းနေမယ်ဆိုရင်ဘာတွေပဲ ရောက်လာပါစေ၊ ကျွန်ုပ်တို့ ရဲ့ ငြိမ်သက်ခြင်းကို ဘယ်အရာကမှလှုပ်ခတ်နိုင်မှာမဟုတ်ပါဘူး။

ပြည့်ဝတဲ့ဝမ်း မြောက်ခြင်းကို ဆောင်ကြဉ်း ပေးနိုင်တဲ့ တန်ခိုး။ ယေရ မိ ၁၅း၁၆မှာ ဒီလို ဖတ်ရပါ တယ်။ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို တွေ့ရှိပါပြီ၊ မှီဝဲပါပြီ။ ကိုယ် တော်၏ နှုတ်ကပတ်တော်သည် အကျွန်ုပ်၏စိတ်နှလုံးကို ရွှင်လန်းဝမ်းမြောက်စေပါ၏။ အို ကောင်းကင်ဗိုလ်ခြေအရှင် ဘုရား သခင်ထာဝရ ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏နာမ

တော် ဖြင့် ခေါ်ဝေါ်ခြင်းခံရသူ ဖြစ်ပါ၏။

ဒါ့အပြင် ယေရှုကလည်း ယောဟန်ခရစ်ဝင် ၁၅:၁၁ မှာ ဒီလိုပြောခဲ့ပါတယ်၊ ငါ့ဝမ်း မြောက်ခြင်းမေတ္တာသည်သင် တို့၌တည်မည်အကြောင်းနှင့် သင်တို့၏ ဝမ်းမြောက်ခြင်း မေတ္တာသည်လည်း စုံလင် ပြည့်စုံမည်အကြောင်း၊ ဤ အရာများကို သင်တို့အား ငါပြောပြီ။ဒါကြောင့်ပြည့်ဝတဲ့ ဝမ်းမြောက်ခြင်း ဆိုတာ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်ကနေတိုက်ရိုက်လာ တာပဲ ဖြစ်ပါတယ်။ လောကီ အရာဘယ်အရာကမှလည်း ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်ကို အသက်ဝင်ရှူပြီး စားသုံးနေတဲ့၊ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ တန်ခိုးနဲ့ အဲ ဒီနှုတ်ကပတ်တော်ကို နှလုံး သားထဲမှာ ခံစားသိရှိနေရတဲ့ ယေရှုကိုယုံကြည်သူတစ် ယောက်ရဲ့ရင်ထဲမှာတောက် လောင်နေတဲ့ဝမ်းမြောက်ခြင်း မျိုးကို ဘယ်တော့မှ မပေးစွမ်း နိုင်ပါဘူး။

သည်းခံခြင်း၊ နှစ်သိမ့်ခြင်းနဲ့ မျှော်လင့်ချက်ကို ပေးစွမ်းနိုင် တဲ့တန်ခိုး။အကြောင်းမူကား ရှေးအခါကရေးထားသမျှ သောအရာသည် ငါတို့ကို သွန်သင်ရန်ရေးထားခြင်းဖြစ် ပြီး ကျမ်း စာ၌ပါသော သည်းခံခြင်းနှင့် နှစ်သိမ့်ခြင်း အားဖြင့် ငါတို့၌ မျှော်လင့်ခြင်း ရှိစေရန်ဖြစ်၏။(ရောမ ၁၅း၄)

အမှားနဲ့အပြစ်ကနေ ကာ ကွယ်ပေးနိုင်တဲ့တန်ခိုး။

တမန် (၂၀း၂၉-၃၂) မှာ တမန် တော်ပေါလုက ဧဖက်မြို့ က အကြီးအကဲတွေကို သူတို့ ကြားမှာဝင်လာ မယ့်အမှား တွေအကြောင်း သတိပေး ခဲ့ပြီး၊ နောက်ဆုံးမှာ သူတို့ ကို ဘုရားသခင်နဲ့ ကျေးဇူး တော်နှုတ်ကပတ်တော်ဆီ အပ်နှံခဲ့ပါတယ်။ အဲဒီလိုပဲ တိမောသေထံ ပေါလု ရေး သားခဲ့တဲ့အခါမှာလည်း၊လူ ဆိုးနဲ့လှည့်စားတတ်တဲ့သူ တွေကတော့ ပိုဆိုးလာပြီး လူတွေကို လှည့်စားမယ်၊ ကိုယ်တိုင်လည်းလှည့်စားခံရ လိမ့်မယ်။ ဒါပေမဲ့ သင် က တော့ သင်ယူပြီး အခိုင်အမာ ယုံကြည်လက်ခံထားတဲ့အရာ တွေအတိုင်းဆက်တည်နေပါ။ ဘယ်သူတွေဆီကနေသင်ယူ ခဲ့တယ်ဆိုတာကိုသိပြီး ငယ် စဉ်ကတည်းက သန့်ရှင်း သောကျမ်းစာတွေကိုသိထား ခဲ့ပါပြီ။ အဲဒီကျမ်းစာတွေက ခရစ်တော် ယေရှုကို ယုံကြည် ခြင်းအားဖြင့် ကယ်တင်ခြင်း အတွက် ပညာရှိစေနိုင်ပါ တယ်လို့ (၂ တိ ၃း၁၃-၁၅) မှာ ပြောခဲ့ပါတယ်။

ဘုရားသခင်ရဲ့ နှုတ်က ပတ်တော်ကို အမြဲတမ်းမှီဝဲ စား သုံးနေတဲ့သူဟာ ခေတ် ကာလရဲ့တိုးပွားလာတဲ့အမှား တွေကို ခိုင်မာစွာ ရင်ဆိုင်နိုင် ပါတယ်။ လူအများစုဟာ နှုတ် ကပတ်တော်ကိုလျစ်လျူရှုလို က်ကြလို့သာ ယနေ့ခေတ် ခရစ်တော်ရဲ့အသင်းတော်ထဲ ကို မာရ်နတ် သိမ်မွေ့စွာသွတ် သွင်းလာတဲ့ အယူမှားတွေရဲ့ သားကောင်ဖြစ်သွားကြရတာ ပါ။တကယ်တော့နှုတ်ကပတ် တော်မှာအမှားကနေသာမက အပြစ်ကနေပါကာကွယ်ပေး နိုင်တဲ့တန်ခိုးရှိပါတယ်။

ဆာလံ ကျမ်း (၁၁၉း၁၁) မှာ ကိုယ်တော်ကိုမပြစ်မှားမိစေ ရန် ကိုယ်တော်၏မိန့်တော်မူ ချက်ကိုအကျွန်ုပ်၏ စိတ်နှလုံး ထဲ၌သိုမှီးထားပါပြီ၊လို့ဖတ် ရ ပါတယ်။

ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကိုနေ့စဉ်မှီဝဲနေတဲ့သူ ဟာမာရ်နတ်ရဲ့သွေးဆောင်မှု တွေကို တွန်းလှန်နိုင်မှာပါ။ နှုတ်ကပတ်တော်ကိုမစားသုံး ဘဲ လျစ်လျူရှုတဲ့ မည်သည့် နေ့မဆိုဟာ စာတန် ကျွန်ုပ် တို့ရဲ့နှလုံးသားနဲ့အသက်တာ ထဲကို ဝင်လာဖို့ တံခါးဖွင့် ပေးလိုက်သလိုဖြစ်သွားစေပါ တယ်။ဘုရားသခင်ရဲ့သား တော် ကိုယ်တိုင်တောင်မှ ရန်သူရဲ့ သွေးဆောင်မှုတွေကို ကျမ်းစာနဲ့သာ ရင်ဆိုင်ပြီး အနိုင်ယူခဲ့ပါတယ်။ စာတန်ရဲ့ သွေးဆောင်မှုတိုင်းကို ကျမ်း စာ လာသည်ကား(မဿဲ ၄း၄၊ ၇၊ ၁၀) လို့ ပြန်ပြောခဲ့တာ ကြောင့် စာတန်ဟာ ကွင်းပြင် ကနေလုံးဝရှုံးနိမ့်ပြီး ထွက် သွားခဲ့ ရပါတယ်။

ကျမ်းစာကို ပစ်ပယ်ထား ရင်တော့ ကျွန်တော်တို့ရဲ့ ဘ ဝနဲ့ ဘုရားသခင့်အမှုတော် ဆောင်ခြင်းမှာစွမ်းအား အ ပြည့် အဝရှိလာမှာ မဟုတ်ပါ ဘူး။ အင်အားအပြည့်နဲ့ အမှု တော်ဆောင်နိုင်ဖို့အကြောင်း ရေးသားဟောပြောကြတဲ့ အ ခါ ဒီအချက်ကို မေ့နေတတ် ကြပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လုပ်ဆောင်ချက်ကိုပဲ အမွှမ်း တင်ပြီး ဝိညာဉ်တော် အသုံး ပြုတဲ့ နှုတ်ကပတ်တော်ဆိုတဲ့ လက်နက်ကိရိယာကိုတော့ အလေးမထားမိကြတော့ဘူး ပေါ့။ အကျိုးဆက်ကတော့ ခဏတာ စိတ်အားထက်သန် ပြီး တက်ကြွလှုပ်ရှားပေမဲ့ ရေ ရှည်မှာတော့ စွမ်းအားနဲ့ အ သုံးဝင်မှုတွေတိုးတက်မလာ ဘဲ တန့်သွားတတ်ပါ တယ်။ ကျွန်တော်တို့ကိုယ်တိုင်အတွ က်ရော သူတပါးအတွက်ပါ အ မှုတော်ဆောင်ရာမှာအင်အား အသစ်တွေရရှိဖို့နဲ့ အဲ့ဒီအင် အားကို ထိန်းထားနိုင်ဖို့ဆိုရင် ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကို အချိန်ပေးပြီးနက် နက်ရှိုင်းရှိုင်း ဆင်ခြင် နှလုံး သွင်းဖို့လိုပါတယ်။ ကျွန်တော် တို့ရဲ့ဝိညာဉ်ရေးရာ အသီး အပွင့်တွေမည်မျှနွမ်းဘဲ လုပ် သမျှအရာရာ အဆင်ပြေ အောင်မြင်ချင်တယ်ဆိုရင် တော့ ထာဝရဘုရားရဲ့ တရား တော်မှာ မွေ့လျော်ပြီး နေ့ည မပြတ် ဆင်ခြင်အောက် မေ့ နေရပါမယ် (ဆာလံ ၁:၂-၃)။ ဒါပေမဲ့ တကယ်တမ်းကျ တော့ နေ့တိုင်း၊ လတိုင်း၊ နှစ် ပေါင်းများစွာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုတစိုက်

မတ်မတ်တူးဆွလေ့လာနေရ တာထက်စာရင်၊ တရားပွဲတွေ ဒါမှမဟုတ် ဝိညာဉ်ရေးရာ နိုးထမှုအစည်းအဝေးပွဲတွေ ကို သွားပြီး၊ ဝိညာဉ်တော်နဲ့ ပြည့်ဝခြင်းကို ခံယူပါတယ်။ လို့ အလွယ်တကူ တောင်းခံ လိုက်ရတာက ကျွန်တော်တို့ ရဲ့ ဝိညာဉ်ရေးရာ အပျင်းထူမှု အတွက်ပိုပြီး သက်တောင့် သက်သာရှိစေပါတယ်။

ဒါပေမဲ့ နှုတ်ကပတ်တော်ကို ဆက်တိုက်လေ့လာခြင်း အား ဖြင့် မထိန်းသိမ်းထားတဲ့ ဝိညာဉ်တော်နဲ့ ပြည့်ဝခြင်း ဟာခဏလေးနဲ့ ပျောက်ကွယ် သွားမှာပါပဲ။

တမန်တော် ပေါလုက ဧဖက် (ဧဖက် ၅: ၁၈ -၂၂) မှာ ဝိညာဉ်တော်နဲ့ ပြည့်ဝခြင်းရဲ့ ရလဒ်တွေလို့ ဖော်ပြခဲ့တဲ့ အရာတွေကိုပဲ၊ ကောလောသ (ကော ၃:၁၆-၁၈) မှာတော့ ခရစ်တော်၏ နှုတ်ကပတ် တော်သည်သင်တို့အထဲ၌ ကြွယ်ဝစွာ တည်ပါစေဆိုတဲ့ အချက်ကြောင့်ရလာတဲ့ရလဒ် တွေအဖြစ် အတိအကျ ပြန်ပြီး ဖော်ပြထားတာ ကို သတိပြု သင့်ပါတယ်။ ဒါ ကိုကြည့်ရင် ပေါလုဟာ နှုတ် ကပတ်တော် ကို နက်နက်ရှိုင်းရှိုင်းနဲ့အမြဲ မပြတ်ဆင်ခြင်နှလုံးသွင်းခြင်း မရှိဘဲနဲ့တော့ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ပြည့်ဝနိုင်စရာ အကြောင်းမရှိ ဘူးဆိုတာ သိနေလို့ပါပဲ။

အတိုချုပ်ပြောရရင်တော့ ခရစ်ယာန်ဘဝနဲ့ အမှုတော် ဆောင်ခြင်းမှာ စွမ်းအား အပြည့် အဝရရှိဖို့နဲ့ ထိန်းသိမ်း ထားနိုင်ဖို့ ဆန္ဒရှိတဲ့သူတိုင်း ဟာဘုရားသခင်ရဲ့ နှုတ် ကပတ်တော်ကို အမြဲမပြတ် ခွန်အားယူမှီဝဲနေကြရမှာဖြစ် ပါ တယ်။

နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံခြင်း

(Doing The Word)

By Dave Butts

ဒီနေ့ခေတ်မှာ ဘုရား သခင်ရဲ့နှုတ်ကပတ်တော် နဲ့ ပတ်သက်ပြီးရှုပ်ထွေးဝေခွဲမရ ဖြစ်နေကြတာတွေအများကြီး ရှိပါတယ်။ ဒါက ကျမ်းစာရဲ့ အခွင့်အာဏာနဲ့မှန်ကန်မှုကို သံသယဝင်နေတဲ့ သူတွေ ကြားမှာဖြစ်နေတာမဟုတ်ပါ ဘူး။တကယ်တော့ကျမ်းစာ ကိုအပြည့်အဝယုံကြည်တဲ့သြ ရသခရစ်ယာန်တွေကြားထဲ မှာပဲအပတ်တိုင်းလိုလိုဖြစ်ပျ က်နေတာပါ။

ဒီပြဿနာကနှုတ် ကပတ်တော်ကိုနားထောင်ခြ င်းနဲ့၊လက်တွေ့ကျင့်ကြံခြင်း၊ ကြားထဲမှာမျဉ်းမထင်ရှားဘဲ ရောထွေးသွားရာကနေစတာ ပါ။စိတ်မကောင်းစရာကကျွန် တော်တို့တော်တော်များများ ဟာဒီထောင်ချောက်ထဲကို အရမ်းကျလွယ်ပါတယ်။ ပုံစံ ကဒီလိုစတာပေါ့။ ကျွန်တော် တို့ တနင်္ဂနွေနေ့မှာ ဘုရား ကျောင်းသွားတယ်၊ ကျမ်းစာ ကိုအခြေခံထားတဲ့အားရှိစရာ တရားဒေသနာကို နားထောင် ကြတယ်။ ပြီးတော့ဘုရား ကျောင်းကနေပြန်ထွက်လာ တဲ့အခါ ဒီ နေ့ဟောတဲ့တရား ကတော့ရှယ်ပဲ၊လန်းတယ်ဆို ပြီးပြောကြတယ်။ အဲဒီလို ပြော ပြီးတဲ့နောက် စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။ နေလို့ ကောင်းသွားတာပေါ့။ အဲဒါ ဟာ လှည့်စားခြင်းရဲ့ အစ ပျိုး မှုပါပဲ။ကျွန်တော်တို့စိတ်ထဲ နေလို့ကောင်းသွားတာဟာ ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကိုကြားရပြီးသဘောတူ လက်ခံလိုက်လို့ပါ။ဒါပေမဲ့အဲ ဒီတရားအပေါ် ဘာတစ်ခုမှ လက်တွေ့တုံ့ပြန် လုပ်ဆောင် ခြင်းမရှိသေးပါဘူး။ တကယ် တမ်းကျနော်တို့ တွေကြည့် ရင် ဘုရား ကျောင်းတွေရဲ့ စနစ်တကျဖွဲ့စည်း ပုံ အချို့က ကျွန်တော်တို့ကို တရားကျင့် သူတွေဖြစ်ဖို့ထက်တရားနာ သူတွေ သက်သက်ဖြစ်လာ အောင်တွန်းအား ပေးသလို ဖြစ်နေတတ်ပါတယ်။ ဘုရား ကျောင်းတော်တော်များများ မှာဆိုရင် တနင်္ဂနွေ ကျောင်း (Sunday School) မှာကျမ်း စာ တစ်ပုဒ် သင်ယူ တယ်၊ ပြီးတော့ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်မှာ နောက်ထပ် ကျမ်းစာတစ်ပုဒ်ကိုနားထော င်ရပြန် ရော။ တနင်္ဂနွေညပိုင်း ဒါမှ မဟုတ်ဗုဒ္ဓဟူးနေ့ ညပိုင်း တွေမှာလည်းနောက်ထပ် ကျမ်းစာတစ်ပုဒ်သင်တန်းရှိနို င်သေးသလို၊မိတ်သဟာယအ ဖွဲ့ငယ် (Small group) တွေ မှာလည်း နောက်ထပ်အဆုံး အမတစ်ခုကိုသင်ယူကြပြန် တယ်။

တကယ့်အရှိတရား အတိုင်းပြောရရင်တော့အချိန် တိုတိုလေးအတွင်းမှာမတူညီ တဲ့တရားဒေသနာတွေ၊သင် ကြားချက် တွေ အများကြီးနဲ့ ပိနေတဲ့အတွက်၊ကျွန်တော် တို့ဟာ နှုတ်ကပတ်တော်ကို လက်တွေ့လိုက်လျှောက်ဖို့ထ က် နားထောင်ရုံသက်သက်ပဲ လုပ်တတ်အောင် အကျင့် ပါ သွားသလို ဖြစ်နေရုံပါပဲ။

ဒီအကြောင်းအရာနဲ့ ပတ် သက်ပြီးကျမ်းစာထဲမှာအရှင်း လင်းဆုံးသွန်သင်ပေးခဲ့သူက တော့ ရှင်ယာကုပ်ပဲ ဖြစ်ပါ တယ်။

နှုတ်ကပတ်တော်ကို လိုက်နာ ကျင့်သုံးသောသူများ ဖြစ်ကြလော့။ မိမိတို့ ကိုယ်ကို လှည့်စား၍ ကြားနာ သူသက် သက်မဖြစ်ကြနှင့်။

မည်သူမဆိုနှုတ်က ပတ်တော် ကိုကြားနာသော်လည်း လိုက် နာ ကျင့်သုံးခြင်းမရှိလျှင်ထို

သူသည် မိမိ၏ပကတိမျက်နှာကို မှန်ထဲ၌ ကြည့်သောသူနှင့် တူ၏။ အကြောင်းမူကား သူသည် မိမိကိုယ်ကိုကြည့်ပြီး ထွက်ခွာသွားသည်နှင့် မိမိသည် မည်သည့်ပုံသဏ္ဌာန်ရှိသည်ကို ချက်ချင်းမေ့လျော့သွားတတ်၏။ သို့သော်လွတ်လပ်ခြင်းနှင့် ဆိုင်သောစုံလင်သည့်တရားတော်ကို သေချာစွာကြည့်ရှုလျက် စောင့်ထိန်းသောသူသည် ကြားနာ၍မေ့လျော့တတ်သူ မဟုတ်ဘဲ လက်တွေ့ လိုက်နာကျင့်သုံးသောသူဖြစ်၏။ ထိုသူသည် မိမိပြုသောအမှု၌ ကောင်းချီးမင်္ဂလာကိုခံစားရလိမ့်မည်။ (ယာကုပ် ၁:၂၂-၂၅)။

ဟေဗြဲကျမ်းမှာလည်း တရားနာသူသက်သက်မဖြစ်သွားစေဖို့ နောက်ထပ် သတိပေးချက်တစ်ခုရှိပါသေးတယ်။အဲဒါကတော့ အစ္စရေး လူမျိုးတွေ ကန္တာရ ထဲမှာအနှစ် ၄၀ပတ်လုံးလှည့်လည်ခဲ့ရတဲ့ ဖြစ်ရပ်ဆိုးကိုနမူနာပြထားတာပါ။ ဟေဗြဲ ကျမ်းအခန်းကြီး၃ရဲ့အစိတ်အပိုင်းတော်တော်များများမှာအစ္စရေးလူမျိုးတွေတောကန္တာရထဲမှာဘုရားသခင်ကိုမယုံကြည်ခဲ့ကြသလိုမျိုး၊ကျွန်တော်တို့တွေလည်းဘုရားသခင်ကိုမယုံကြည်ဘဲနေရင်ဘယ်လောက်အန္တရာယ်ကြီးမလဲဆိုတာသတိပေးထားပါတယ်။

ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က ယနေ့သင်တို့သည် ကိုယ်တော်၏အသံကို ကြားလျှင် တောကန္တာရတွင် စမ်းသပ်စစ် ဆေးရာကာလ၌ ဆန့်ကျင်ဘက်ပြုကြစဉ်ကကဲ့သို့ သင်တို့စိတ်နှလုံးကို မမာကျောစေကြနှင့် (ဟေဗြဲ ၃: ၇-၈)။ ပြီး တော့ ဟေဗြဲ၄:၂မှာလည်းဒီလိုဖတ်ရပါတယ်အကြောင်းမူကားငါတို့သည်လည်း ကောင်းမြတ်သောသတင်းကို ထိုသူတို့နည်း တူကြားရကြပြီ။ သို့သော် သူတို့ ကြားရသော နှုတ်ကပတ်တော်သည်သူတို့၌ယုံကြည်ခြင်းနှင့်မပေါင်းစပ်သောကြောင့်သူတို့အတွက် အကျိုးမရှိခဲ့ချေ။

ကဲ၊ ရှင်ယာကုပ် ကျမ်းဆီကို ခဏပြန်သွားရအောင်။ သူကအဲဒီလိုပဲ၊ အကျင့်မပါတဲ့ယုံကြည်ခြင်းဟာသူ့ဖာသာသူဆိုရင် အသေပဲဖြစ်တယ် (ယာ ၂:၁၇)လို့သတိပေး ထားပါတယ်။

အစ္စရေးလူမျိုးတွေဖြစ်ပျက်ခဲ့တာလည်း ဒါပါပဲ။ သူတို့ဟာမောရှေဆီကနေဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ခဏခဏကြားခဲ့ရတာပါ။

နောက်ဆုံးတော့ တရားကိုကြားရုံပဲကြားပြီးလက်တွေ့မလုပ်ဆောင်ခဲ့ကြတဲ့အတွက် သူတို့ရဲ့နှလုံးသားတွေခတ်ထန်မာကျောကုန် ပါတော့တယ်။

ဒါဟာဒီနေ့ခေတ် အသင်းတော်တွေ အတွက် တကယ်ကို သတိထား စရာအချက်ပါပဲ။တနင်္ဂနွေနေ့တိုင်းတရားဒေသနာတွေကို အပတ်တိုင်း ကြားနေရတာကကျွန်တော်တို့အတွက်အန္တရာယ်ရှိနိုင်သလား။ရှိနိုင်ပါတယ်။

အကယ်၍အဲဒီတရားအတိုင်း လက်တွေ့လိုက်လျှောက်ဖို့ ထပ်ခါတလဲလဲပျက်ကွက်နေမယ်ဆိုရင်ပေါ့။

ကျွန်တော်တို့ရဲ့ နှလုံးသားတွေမာကျောလာလိမ့်မယ်လို့ ကျမ်းစာကသတိပေးထားပါတယ်။ဝိညာဉ်ရေးရာကိစ္စတွေဟာ အရေးမပါသလို ဖြစ်လာလိမ့်မယ်။ကျမ်းစာတရားတွေကိုစနစ်တကျရှင်းလင်းဟောပြောနေတာကိုကြားနေရပေမဲ့ကျွန်တော်တို့ထဲမှာဘာလှုံ့ဆော်မှုမှရှိမလာတော့ပါဘူး။ ဘာလို့လဲဆိုတော့ ကြားရတဲ့အတိုင်း လုပ်ဆောင်ဖို့ စိတ်မဆုံးဖြတ်ထားကြလို့ပါ။

ဒါပေမဲ့ ရှင်ယာကုပ်က နှုတ်ကပတ်တော်အတိုင်းကျင့်ကြံဖို့အားရှိစရာစကားလေးနဲ့ ဒီလိုတွန်းအားပေး ထားပါသေးတယ်။ကြားရတဲ့အရာကို မေ့မပစ်ဘဲလက်တွေ့ကျင့်သုံးနေမယ့်သူဟာ၊သူလုပ်ဆောင်သမျှအမှုအရာတွေမှာ ကောင်းချီးမင်္ဂလာခံစားရမှာပါ (ယာ ၁:၂၅)။ အို ကျွန်တော် တို့ရရှိမယ့်လက်ဆောင်က တကယ့်ကို အံ့သြစရာပါပဲ။ ဘုရားသခင်ရဲ့ နှုတ် ကပတ်တော်ကို အာရုံစိုက်ပြီး ပြောတဲ့အတိုင်း လုပ်ဆောင်တဲ့အတွက် ကျွန်တော်တို့လုပ်သမျှအရာတိုင်းမှာကောင်းချီးမင်္ဂလာခံစားရမှာဖြစ်ပါတယ်။

နှုတ်ကပတ်တော်အတိုင်း ကျင့်တဲ့သူအတွက် ဘုရားသခင်က ဘယ်လိုကောင်းချီးတွေပြင်ဆင် ထားသလဲ ဆိုတာသိချင်ရင်တော့ ဆာလံဆရာကဘ၁၂မှာအဖြေပေးထားပါတယ်၊ ထာဝရ ဘုရားကိုကြောက် ရွံ့ရိုသေပြီး ကိုယ်တော်ရဲ့ ပညတ်တရားတွေကို အ လွန်မွေ့လျော်တဲ့သူဟာ ကောင်းချီးခံစားရတဲ့သူဖြစ်တယ်။ (ရရှိမယ့်ကောင်း ချီးတွေကိုဒီမှာတစ်ခုချင်း ရေတွက် ပြထားပါတယ်)။

၁။ သူ့ရဲ့သားသမီးမြေးမြစ်တွေဟာပြည်တော်မှာတန်ခိုးသြဇာကြီးမားကြ လိမ့်မယ်။ ဖြောင့်မတ်သူတွေရဲ့မျိုးဆက်ဟာကောင်းချီး ခံစားရလိမ့်မယ်။

၂။ သူ့အိမ်မှာ စည်းစိမ် ဥစ္စာရတနာတွေ ပြည့်စုံ လိမ့်မယ်၊ သူ့ရဲ့ဖြောင့်မတ်ခြင်းကလည်း ထာဝစဉ် တည် လိမ့်မယ်။

၃။ သနားကြင်နာတတ်ပြီး ဖြောင့်မတ်တဲ့သူတွေအတွက် တော့မှောင်မိုက်ထဲမှာတောင် အလင်းရောင်ထွက်ပေါ်လာလိမ့်မယ်။

၄။ ရက်ရက်ရောရော ချေးငှားတတ်ပြီး မိမိကိစ္စအဝ ဝကို တရားမျှတစွာ စီမံတတ်သူဟာ ကောင်းကျိုးခံစားရလိမ့်မယ်။

၅။ သူဟာ ဘယ်တော့မှ လှုပ်ခါသွားမှာ မဟုတ်ဘူး။ ဖြောင့်မတ်တဲ့သူကိုလူတွေကထာဝစဉ်အမှတ်ရနေကြ လိမ့်မယ်။

၆။ သူဟာ မကောင်းတဲ့ သတင်းဆိုးတွေကိုကြောက်လန့်မှာ မဟုတ်ဘူး၊ ထာဝရ ဘုရားကို ကိုးစားပြီး သူ့နှလုံးသားက ခိုင်ခံ့မြဲမြံ့ နေလိမ့်မယ်။

၇။ သူ့စိတ်နှလုံးကလုံခြုံ ဘေးကင်းတဲ့အတွက်ဘာကိုမှ ကြောက်မှာ မဟုတ်ဘူး၊ နောက်ဆုံးမှာသူ့ရဲ့ရန်သူတွေကိုအောင်နိုင်ခြင်းနဲ့ ဦးကြည့်နိုင်လိမ့်မယ်။

၈။ သူဟာဆင်းရဲသားတွေကို ရက်ရက်ရောရော ပေးကမ်းလှူဒါန်းတယ်၊ သူ့ရဲ့ဖြောင့်မတ်ခြင်းက ထာဝစဉ်တည်တယ်။ သူ့ရဲ့ ဂုဏ် သိက္ခာဟာ လည်းမြင့်မားစွာမြှင့်တင်ခြင်းခံရလိမ့်မယ်။

သင်တို့တော့မသိဘူး၊ ကျွန်တော်ကတော့ ဘုရားသခင်ဆီကနေဒီလိုကောင်ချီးမျိုးတွေကိုတကယ်ရချင်တာ။ ဒီကောင်းချီးတွေဟာနှုတ်ကပတ်တော်ကို နားထောင်ရုံတင် မဟုတ်ဘဲ လက်တွေ့ကျင့်ကြံတဲ့သူတွေဆီကို ရောက်လာတာဖြစ်ပါတယ်

နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်သူအဖြစ်လမ်းမှန်ပေါ်မှာဆက်ရှိနေဖို့အလွယ်ကူဆုံးနည်းလမ်းတစ်ခုကတော့ကျမ်းစာကို ဖတ်တဲ့ အခါဒါမှမဟုတ် နားထောင်တဲ့အခါမှာဆုတောင်းခြင်းပါပဲ။အမြဲတမ်းဒီလိုမေးပါ ။အရှင်ဘုရား၊ ဒီကျမ်းချက်ထဲမှာ အကျွန်ုပ်အတွက် ဘာစကားပါ ပါသလဲ။ နောင်တရရမယ့်အပြစ်များ ရှိပါသလား။

အရှင်ဘုရား၊ ကိုယ်တော် အကျွန်ုပ် အတွက်လုပ်ဆောင်ပေးခဲ့တဲ့အရာ တစ်ခုခု အတွက်ရပ်ပြီးကျေးဇူးတော်ချီးမွမ်းဖို့လိုနေပါသလား။

အကျွန်ုပ်ပြန်လည် ပြုပြင်တည်ဆောက်ရမယ့် လူမှုဆက်ဆံရေးမျိုးရှိနေပါသလား။

အရှင်ဘုရား၊ ဒီနေ့ကိုယ်တော်မိန့်တော်မူတဲ့အရာက အကျွန်ုပ်ရဲ့ အချိန်နဲ့ ငွေ ကြေးသုံးစွဲမှုအပေါ်ဘယ်လိုပြောင်းလဲမှု ဖြစ်စေပါသလဲ။

အဖ၊ ခမည်းတော်၊ ဒီနေ့ အကျွန်ုပ်ဘာလုပ်ရမလဲဆိုတာကိုယ်တော့်နှုတ်ကပတ်တော်ကနေသွန်သင်ပေးပါ။ နားထောင်နိုင်မယ့်နားကိုပေးသနားတော်မူပါ။

သက်မုန့်ကိုဖဲ့တော်မူပါ၊ (Break Thou the Bread of Life) ဆိုတဲ့ ဓမ္မသီချင်း အဟောင်းလေးရဲ့ တတိယအပိုဒ်မှာ အခုလိုလှလှပပ သီကုံး ထားပါတယ်။

အရှင်ဘုရား၊ယခု အကျွန်ုပ်ထံဝိညာဉ်တော်ကို စေလွှတ်တော်မူပါ။

အကျွန်ုပ်ရဲ့မျက်စိကိုတို့ထိပြီး မြင်စေတော်မူပါ။

ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် မျိုးစေ့ကို ကြဲချခြင်း

(Sowing The Lord's Word)

By Rich Carmicheal

အချို့တို့မူကား ကောင်းသောမြေ၌ကျသဖြင့် အပင်ပေါက်၍ကြီးထွားကာအဆသုံးဆယ်၊အဆခြောက်ဆယ်၊ အဆတစ်ရာ အသီးသီးလေ၏ (မာကု ၄:၈)။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်မျိုးစေ့ဟာ ကောင်းမွန်တဲ့နှလုံးသားမြေဆီလွှာပေါ် ကျရောက်တဲ့အခါ အမြဲတမ်း အံ့သြစရာ ကောင်းတဲ့အရာတွေဖြစ်လာတတ်ပါတယ်။ကျမ်းစာထဲကသက်သေ တချို့ကို ကြည့်ရအောင်၊ ယောရှိမင်းကြီးဟာလူတွေကို စုဝေးစေပြီးပညတ်တရားကျမ်းစာကို ဖတ်ပြတဲ့အခါ၊ သူနဲ့လူအားလုံးဟာဘုရားသခင်နဲ့ထားတဲ့ ပဋိညာဉ်ကို အသစ်ပြင်ဆင်ကြပြီးရုပ်တုကိုးကွယ်တဲ့အပြစ်တွေကနေနောင်တရခဲ့ကြတယ်(၄ဓမ္မ ၂၃:၁-၂၅)။ ဇေရကပညတ်တရားကျမ်းကိုလူတွေရှေ့မှာ အသံကျယ်ကျယ်နဲ့ဖတ်ပြပြီး လေဝိလူတွေကအဓိပ္ပာယ်ကို ရှင်းပြပေးတဲ့အခါ၊ လူတွေဟာသူတို့ရဲ့အပြစ်တွေအတွက် ဝမ်းနည်း ပူဆွေးခဲ့ကြသလို၊ ဘုရားသခင်ကနှုတ်ကပတ်တော်ကို သူတို့သိအောင် ဖွင့်ပြပေးတဲ့အတွက်လည်း ဝမ်းမြောက်ခဲ့ကြတယ် (နေဟမိ ၈:၂-၁၂)။ယောနကနိနေဝေမြို့သားတွေကိုဘုရားသခင်ရဲ့ တရားစီရင်ခြင်းသတင်းစကားဟောပြောတဲ့အခါ၊ သူတို့ဟာ အဲဒီစကားကိုယုံကြည်ပြီးနောင်တရခဲ့ကြလို့ကြီးစွာသောပျက်စီးခြင်းဘေးကနေလွတ်မြောက်ခဲ့ကြတယ် (ယောန ၃:၁-၁၀)။ ပရောဖက် နာသန်က ဒါဝိဒ်မင်းကြီးဆီသွားပြီးဗာသရှေဘာနဲ့ ပြစ်မှားခဲ့တဲ့အပြစ်ကို ဘုရားသခင်ကိုယ်စားသတိပေး ဆုံးမတဲ့အခါ၊ ဒါဝိဒ်ဟာ နောင်တရပြီးအပြစ်ကိုဝန်ခံကာ ဘုရားသခင်ရဲ့ခွင့်လွှတ်ခြင်းကို ပွင့်ပွင့်လင်းလင်း တောင်းခံခဲ့တယ် (၂ဓမ္မ ၁၂:၁-၁၃၊ ဆာလံ ၅၁)။

ပင်တေကုတ္တေနေ့မှာလည်း တမန်တော်ပေတရုကလူအုပ်ကြီးကို တရားဟော၊ သတိပေး၊ တောင်းပန် တိုက်တွန်းခဲ့လို့ လူပေါင်း ၃,၀၀၀ ခန့် ကယ်တင်ခြင်း ရခဲ့ကြတယ် (တမန် ၂:၄၀-၄၁)။ အဲဒီနောက်သိပ်မကြာခင်မှာ

ပဲ။တရားနာရတဲ့သူတွေထဲက အများကြီးဟာယုံကြည်ကြလို့အမျိုးသားအရေအတွက်တင် ၅,၀၀၀ လောက် ရှိလာခဲ့တယ်(တမန် ၄:၄)။ ဖိလိပ္ပုက သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လမ်းပြမှုကို နာခံပြီး အီသီယိုပီးယား မိန်းမစိုးကို ဟေရှာယ ကျမ်းချက်အကြောင်းရှင်းပြပေးတဲ့အခါ အဲဒီမိန်းမစိုးဟာ ကယ်တင်ခြင်း ရသွားခဲ့တယ် (တမန်တော် ၈:၂-၃၈)။ ဖိလိပ္ပိမြို့မှာလည်း ပေါလုနဲ့ သူ့အပေါင်းအဖော်တွေကမြစ်နားမှာစုဝေးနေတဲ့ အမျိုးသမီးတွေကိုဘုရားသခင်ရဲ့သတင်းစကား ပြောပြတဲ့အခါ လုဒိနဲ့ သူ့အိမ်သူအိမ်သားတွေ ကယ်တင်ခြင်းရခဲ့ကြတယ် (တမန် ၁၆:၁၃-၁၅)။ ပေါလုနဲ့ သိလတို့ ထောင်ကျနေတုန်း ထောင်မှူးကို ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟောပြောပြတဲ့အခါ သူနဲ့ သူ့အိမ်သူ အိမ်သားတွေကယ်တင်ခြင်းရခဲ့ကြပြန်တယ်(တမန် ၁၆:၂၉-၃၄)။

သက်သာလောနိတ်မြို့မှာ ပေါလုက ဇဝံဂေလိ တရားမျှဝေတဲ့အခါ လူတွေဟာ ရုပ်တုတွေကို စွန့်ခွာပြီးအသက်ရှင်တော်မူသော၊ မှန်ကန်တော်မူသော ဘုရားသခင်ကို ဝတ်ပြုဖို့ပြောင်းလဲလာကြတယ်(၁သက် ၁:၉)။ တိမောသေဆိုရင်လည်း သူ့ရဲ့ အဖွားနဲ့ အမေက ယုံကြည်ခြင်းကို လက် ဆင့်ကမ်းပေးခဲ့ကြပြီး (၂ တိ ၁: ၅) နို့စို့ကလေး ဘဝကတည်းက၊ ကယ်တင်ခြင်း သို့ရောက်စေနိုင်တဲ့ သန့်ရှင်း သော ကျမ်းစာ တော်မြတ်ကို သိကျွမ်းခွင့်ရခဲ့လို့ဉာဏ်ပညာနဲ့ ပြည့်စုံခွင့်ရခဲ့တာပါ(၂ တိ ၃:၁၅)။

ဒါတွေအပြင် တခြားပုံစံတူသာဓကတွေအများကြီးရှိပါသေးတယ်။ ဒါပေမဲ့ ဒီအချက်တွေကတင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း၊ဟောပြောခြင်း၊သွန်သင်ခြင်း၊ ရှင်းလင်းပြသခြင်းနဲ့ မျှဝေလက်ဆင့်ကမ်းခြင်းတွေဟာ ဘယ်လောက်တောင် သက်ရောက်မှုရှိလဲဆိုတာကို ကောင်းကောင်းပြသ နေပါတယ်။အပေါ်ကကျမ်းချက်တချို့အရ နှုတ်ကပတ်တော်ဟာ လူတွေကို နောင်တရခြင်း၊ အပြစ်ဝန်ခံခြင်း၊ ဝမ်းမြောက်ခြင်း၊လွတ်မြောက်ခြင်း၊ဉာဏ်ပညာရရှိခြင်း၊ကယ်တင်ခြင်း ရရှိခြင်းနဲ့ ဘုရား သခင်ရဲ့ အမှုတော်ကိုထမ်းဆောင်ခြင်းဆီကို လမ်းပြပေးတယ်ဆိုတာ တွေ့ရမှာပါ။ တခြားကျမ်းချက်တွေမှာလည်းနှုတ်ကပတ်တော်က လူတွေရဲ့ ဘဝကို ဘယ်လိုပုံစံမျိုးစုံနဲ့ပြောင်းလဲပေးနိုင်လဲဆိုတာထပ်ပြောထားပါသေးတယ်။ ဥပမာ၊ စိတ်ဝိညာဉ်ကို လန်းဆန်း စေတယ်(ဆာလံ ၁၉:၇) အကြံပေးလမ်းပြပေးတယ် (ဆာလံ ၁၁၉:၂၄)။ အားပေးမှုနဲ့ မျှော်လင့်ချက်ကို ပေးတယ် (ရောမ ၁၅:၄) ယုံကြည်ခြင်းကို ဖြစ်ပေါ်စေတယ် (ယောဟန် ၂၀:၃၁၊ ရောမ ၁၀:၁၇)။ ကယ်တင်ခြင်းရထားတယ်ဆိုတဲ့ သေချာမှုကို ပေးတယ် (၁ ယောဟန် ၅:၁၃)။ အပြစ်ကို အောင်နိုင်ဖို့ ကူညီပေးတယ် (ဆာလံ ၁၁၉:၁၁)။ သန့်ရှင်းစင်ကြယ်စေတယ်(ယော ၁၇:၁၇)။ ဝိညာဉ် ရေးရာ တိုက်ပွဲတွေမှာ ကူညီပေးတယ် (ဧဖက် ၆:၁၇)။ ကောင်းတာနဲ့မကောင်းတာကိုပိုင်းခြားသိစေတယ်(ဟေဗြဲ ၅:၁၄)။

သတိပေး ချက်တွေ ပေးတယ် (၁ ကော ၁၀:၁၁)။

ဘုရားသခင်ကို ကြောက်ရွံ့ရိုသေ စိတ်တိုးပွား စေတယ် (တရား ၄:၁၀)။

အလင်းရောင်၊ လမ်းညွှန်မှုနဲ့ လမ်းပြမှုကိုပေးတယ်(ဆာလံ ၁၁၉:၁၀)။

အမှားအမှန် နားလည်မှုကို ပေးတယ်(ဆာလံ၁၁၉:၁၆၉)။

ဝိညာဉ်ရေး အာဟာရဖြစ်စေတယ် (၁ ပေတရ ၂:၂)။

ခွန်အားနဲ့ ပြည့်စုံစေတယ် (ဆာလံ ၁၁၉:၂၈)။

ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းအောင် ထိန်းကျောင်းပေးတယ် (ဆာလံ ၁၁၉:၉) သွန်သင်ခြင်း၊ ဆုံးမခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်ခြင်းလမ်းမှာလေ့ကျင့်ပေးခြင်းနဲ့ ကောင်းသော အမှုအလုံးစုံကိုလုပ်ဆောင်နိုင်အောင် ပြင်ဆင်ပေးတယ် (၂ တိ ၃:၁၆)။

လွတ်လပ်ခွင့်ကိုယူဆောင်လာပေးတယ် (ယော ၈: ၃၁ - ၃၂)။

လူတစ်ယောက်ကိုဝိညာဉ်ရေးရာမှာတည်ဆောက်ပေးတယ် (တမန်တော် ၂၀:၃၂)။

ဘဝရဲ့ မုန်တိုင်းတွေကြားမှာ ခိုင်ခံ့တဲ့ အုတ်မြစ်ကို ပေးတယ် (မဿဲ ၇:၂၄-၂၅)။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်မှာဒီလောက်ကြီးမားတဲ့ တန်ခိုး အာဏာရှိနေတာမို့။ ဘုရားသခင်က နှုတ်ကပတ်တော်ကို သင်နဲ့ကျွန်တော့်ဆီ အပ်နှံထားပြီးတခြားသူတွေကို ပြန်လည်မျှဝေဖို့ ခေါ်ယူထားတာဟာ တကယ်ကို ကြီးမားတဲ့အခွင့်ထူးနဲ့ တာဝန်ကြီးတစ်ရပ်ဖြစ်ပါတယ်။

တမန်တော်ပေါလုက ဘုရားသခင်ဟာမိမိနှင့်မိတ်သဟာယဖွဲ့စေသောသတင်းစကားကိုကျနော်တို့၌အပ်နှံတော်မူ၏။ သို့ဖြစ်၍ဘုရားသခင်သည် ကျနော်တို့အားဖြင့် တောင်းပန် တော်မူသကဲ့သို့၊ ကျနော်တို့သည် ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ (၂ ကော ၅:၁၉-၂၀)လို့ ပြောထားပါတယ်။တမန်တော်ပေတရုကလည်း ဟောပြောတဲ့သူဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုဟောသလိုမျိုးဟောပြောရမယ် (၁ ပေတရ ၄:၁၁) လို့ဖြည့်စွက်ပြောထားပါတယ်။ ဘယ်လောက်တောင် ကြီးမြတ်တဲ့တာဝန်နဲ့အခွင့်ထူးလဲဗျာ။ ကျွန်တော်တို့ဟာ လူတွေရဲ့ ဘဝထဲမှာ အသီး

အပွင့်တွေ သီးစေမယ့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် မျိုးစေ့ကိုကြဲချဖို့ ဘုရား သခင်ရဲ့ အသုံးတော်ခံ ဖြစ်ခွင့်ရထားတာပါ။ ဘုရားသခင် မိန့်တော်မူသလိုပေါ့။

နှုတ်ကပတ်တော်သည်အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။ ငါစေခိုင်းသောအမှုဌာနအောင်လိမ့်မည်(ဟေရှာယ ၅၅:၁၁)။ သင့်ဘဝထဲမှာဘုရားသခင်က နှုတ်ကပတ်တော်မျှဝေစေချင်တဲ့သူတွေကဘယ်သူတွေဖြစ်မလဲ။ သင့်ရဲ့ သားသမီး တွေလား၊ မြေးတွေလား။ တခြားမိသားစုဝင်တွေလား။အိမ်နီးနားချင်းတွေလား။ လုပ်ဖော်ကိုင်ဖက်တွေ ဒါမှမဟုတ် ကျောင်းနေဖက်တွေလား။

ခရစ်တော်၌ ညီအစ်ကို မောင်နှမတွေလား။ဘုရားသခင်ကတော့ ကျွန်တော်တို့ကို မယုံကြည် သေးတဲ့သူတွေကို ကယ်တင်ခြင်း သတင်းစကား မျှဝေစေချင်သလို၊ ယုံကြည်ပြီးသားသူ တွေကိုလည်း ဝိညာဉ်ရေး တည်ဆောက်စရာ စကားတွေ မျှဝေစေချင်တာပါ။ အကယ်၍ကျွန်တော်တို့ဟာဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုတခြားသူတွေဆီ ပိုပြီး ထိရောက်စွာ မျှဝေပေးနိုင်တဲ့သူတွေဖြစ်ချင်တယ်ဆိုရင်၊ ကျွန်တော်တို့ဆီမှာ မွေးမြူရမယ့် အရည်အသွေး (၂) ခု ရှိပါတယ်။ အဲဒါတွေကတော့၊

၁။ သင့်နှလုံးသားထဲက လျှံထွက်လာတဲ့အရာကို မျှဝေပါ

ကျွန်တော်တို့က တခြားသူတွေကိုဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ကောင်းချီးပေးချင်တယ်ဆိုရင်၊ အရင်ဆုံး ကျွန်တော်တို့ကိုယ်တိုင်က ကိုယ်တော့်နှုတ်ကပတ်တော် အားဖြင့်ကောင်းချီးခံစားနေရဖို့ လိုပါတယ်။ ယေရှု မိန့်တော်မူခဲ့သလိုပေါ့။ စိတ်နှလုံးထဲမှာ ပြည့်လျှံနေတဲ့အတိုင်း နှုတ်က မြွက်ဟတတ်တယ်။ လူကောင်းဟာ မိမိရဲ့ကောင်းတဲ့ သိမ့်ိုးရာ ထဲကနေ ကောင်းတဲ့အရာတွေကိုထုတ်ဖော်တတ်တယ်(မဿဲ ၁၂:၃၄-၃၅)။ ဒါကြောင့်လည်း တမန်တော် ပေါလုက ခရစ်တော်၏ နှုတ်ကပတ်တော်သည်သင်တို့အထဲ၌ကြွယ်ဝစွာတည်ပါစေ။ ခပ်သိမ်းသော ဉာဏ်ပညာနှင့်တကွတစ်ယောက်ကို တစ်ယောက် သွန်သင်ဆုံးမကြလော့၊ (ကောလောသဲ ၃:၁၆)လို့ ရေးခဲ့တာပါ။ ဘုရားသခင်၊ ပြီးတော့ ကိုယ်တော့် နှုတ်ကပတ်တော်နဲ့အတူကျွန်တော်တို့ အချိန်ပေးတဲ့အခါ ကျွန်တော်တို့ရဲ့နှလုံးသားဟာ ပြည့်လျှံလာပြီး၊အဲဒီကနေတစ်ဆင့် ကိုယ်တော့်မေတ္တာနဲ့ နှုတ်ကပတ်တော်တွေဟာ တခြားသူတွေဆီကိုစီးဆင်းသွားတာဖြစ်ပါတယ်။ ဒီလို ပြည့်လျှံထွက်လာတဲ့အရာက မှ တခြားသူတွေရဲ့ဘဝကို တကယ်တမ်းသက်ရောက်မှု ရှိစေတာပါ။ အကယ်၍ ကျွန်တော်တို့ဘဝမှာဘုရားသခင်နဲ့ နှုတ်ကပတ်တော်နဲ့အတူ လျှောက်လှမ်းခြင်းမရှိလို့ ဒီလိုပြည့်လျှံမှုမျိုး မဖြစ်ပေါ်နေဘူးဆိုရင်၊ ကိုယ်တော့်ထံ ချက်ချင်း ပြန်လှည့်လာဖို့ လိုပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ကိုယ်တိုင်ပဲ ထိခိုက်နစ်နာမှာ မဟုတ်ဘဲ၊ ကျွန်တော်တို့ဘဝကနေတစ်ဆင့် ဘုရားသခင်ပေးချင်တဲ့ ကောင်းချီးတွေကိုလည်းတခြားသူတွေ ခံစားရတော့ မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဘဝထဲမှာနှုတ်ကပတ်တော်ကိုပြည့်ဝစေတဲ့အခါတခြားသူတွေက ကျွန်တော်တို့ပြောတဲ့ သတင်းစကားကို ပိုပြီး လက်ခံချင်စိတ်ရှိလာစေမယ့်ဘုရားသခင်အလိုကျအကျင့်စာရိတ္တ " ကိုလည်း ပျိုးထောင်ပြီးသားဖြစ်သွားပါတယ်။

သက်သာလောနိတ်မြို့ သားတွေကြားထဲကတမန်တော်ပေါလုရဲ့ အမှုတော်ဆောင်ခြင်းကိုကြည့်ရင်နှုတ်ကပတ်တော်မျှဝေခြင်းနဲ့အကျင့်စာရိတ္တကောင်းမွန်ခြင်းဟာဘယ်လောက်ဆက်စပ်နေလဲဆိုတာအောက်ပါအတိုင်း တွေ့နိုင်ပါတယ်။

မိခင်တစ်ယောက်က မိမိရဲ့သားသမီးလေးတွေကိုပြုစုယုယသလို၊ ကျနော်တို့ဟာ သင်တို့ကြားမှာနူးညံ့ သိမ်မွေ့စွာနေထိုင်ခဲ့ကြတယ်။ သင်တို့ကို အရမ်းချစ်တဲ့အတွက် ဘုရားသခင်ရဲ့ ဧဝံဂေလိ တရားကို တင်မကဘဲ ကျနော်တို့ရဲ့ အသက်ဘဝတွေကိုပါ မျှဝေဖို့ ဝမ်းမြောက်ခဲ့ ကြတယ်၊ ဘာလို့လဲဆိုတော့ သင်တို့ဟာ ကျနော်တို့အတွက်အရမ်းချစ်ရတဲ့သူတွေဖြစ်လာလို့ပါပဲ။ ယုံကြည်တဲ့သင်တို့ကြားမှာ ကျနော်တို့ဟာ ဘယ်လောက်အထိသန့်ရှင်းခြင်း၊ဖြောင့်မတ်ခြင်းနဲ့ အပြစ်တင်ခွင့်ကင်းစွာ နေထိုင်ခဲ့ကြ တယ်ဆိုတာ သင်တို့ရော ဘုရားသခင်ပါ သက်သေဖြစ်ပါတယ်။

အဖေတစ်ယောက်က မိမိရဲ့ သားသမီး တွေကို ဆက်ဆံသလိုမျိုး၊ ကျနော်တို့က သင်တို့ကို အားပေးတယ်၊ နှစ်သိမ့်တယ်၊ ပြီးတော့ ဘုရား သခင်နဲ့ ထိုက်တန်တဲ့ ဘဝမျိုးနဲ့ အသက်ရှင်ဖို့တိုက်တွန်းခဲ့တာကို သင်တို့သိကြပါ တယ် (၁ သက် ၂: ၇-၁၂)။

ကျမ်းစာရဲ့တခြားနေရာတွေမှာလည်း သတင်းစကားရဲ့ အနှစ်သာရနဲ့ မျှဝေတဲ့သူရဲ့ အကျင့်စရိုက် ဘယ်လောက်ဆက်စပ် နေလဲဆိုတာ သတိပြုကြည့်ပါဦး။

မေတ္တာစိတ်ရှိ၍ သမ္မာတရားကိုပြောဆိုခြင်း (ဧဖေက် ၄:၁၅) လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည်ဆားအားဖြင့်ငန်သောအရသာနှင့်ပြည့်စုံလျက်၊အစဉ်မပြတ် တင့်တယ် လျောက်ပတ်ပါစေ (ကော ၄:၆)။

ဆန့်ကျင်ဘက်ပြုသောသူတို့ကိုနှုးညံ့သိမ်မွေ့သောစိတ်နှင့် ဆုံးမရမည်(၂တိ၂:၂၅)နှုတ်ကပတ်တော်ကို ဟောပြောလော့။ အခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေကြိုးစားအားထုတ်လော့။ စိတ်ရှည် ခြင်း၊ သွန်သင်ခြင်း အမျိုးမျိုးတို့နှင့်တကွ ပြစ်တင်ခြင်း၊ ဆုံးမခြင်း၊နှိုးဆော်ခြင်းတို့ကို ပြုလော့ (၂ တိ ၄:၂)။

သင်တို့၌ရှိသောမျှော်လင့်ခြင်းအကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား၊ နူးညံ့သိမ်မွေ့သောစိတ်နှင့် ကြောက်ရွံ့ခြင်းသဘောရှိ၍ပြန်ပြောခြင်းငှာအစဉ်မပြတ် အသင့်ရှိနေကြလော့ (၁ ပေတရ ၃:၁၅)။ တခြားနည်းနဲ့ပြောရရင်တော့၊ကျွန်တော်တို့ မျှဝေတဲ့သတင်းစကားရဲ့အကြောင်းအရာတင် အရေးကြီးတာမဟုတ်ပါဘူး၊ ဘယ်လို နှလုံးသားအခြေအနေမျိုးနဲ့မျှဝေနေသလဲဆိုတာကလည်း အရေးကြီးပါတယ်။

ကျွန်တော်တို့ ကြားဖူးနေကျ စကားပုံလေးတစ်ခုရဲ့အမှန်တရားအတိုင်းပါပဲ။ သင်က သူတို့ကိုတကယ်ဂရုစိုက်တယ်ဆိုတာ သူတို့မသိမချင်း၊ သင်ဘယ်လောက်အထိ သိထားလဲဆိုတာကိုသူတို့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။

၂။ ဘုရားသခင်ရဲ့ လမ်းပြမစမှုနဲ့ ကောင်းချီးပေးခြင်းကို အမြဲတမ်းတောင်းခံပါ။

ကျွန်တော်တို့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုတခြားသူတွေဆီဘယ်လောက်အထိထိရောက်အောင် မျှဝေနိုင်မလဲဆိုတာဟာကိုယ်တော်ပေးသနားတဲ့ လမ်းညွှန်မှု၊ ခွန်အားပေးမှုနဲ့ကောင်းချီးပေးခြင်းတွေအပေါ်တိုက်ရိုက်မူတည်နေပါတယ်။ ဥပမာပြောရရင် တမန်တော်ပေါလုက သက်သာလောနိမြို့သားတွေကို ပြောခဲ့ဖူးပါတယ်။ သူတို့ကြားထဲမှာသူ့ရဲ့အမှုတော်ဆောင်ခြင်းအောင်မြင်ခဲ့ရတာဟာ ကျနော်တို့ရဲ့ ဇဝံဂေလိတရားဟာ သင်တို့ဆီကို စကား သက်သက် နဲ့တင် ရောက်လာတာ မဟုတ်ဘဲ တန်ခိုးတော်၊သန့်ရှင်းသောဝိညာဉ်တော်၊ ပြီးတော့ ထင်ရှားပြတ်သားတဲ့ ယုံကြည် စိတ်ချမှု တွေနဲ့အတူ ရောက်လာခဲ့တာဖြစ်လို့ပါ (၁ သက် ၁:၅)။ ကောရိန္သုမြို့သားတွေကိုလည်း သူက ဒီလိုမျှဝေခဲ့ ပါသေးတယ်။ ငါဟာ သင်တို့ဆီကို ရောက်လာတဲ့အခါအားနည်းခြင်း၊ကြောက်ရွံ့ခြင်း၊ကြီးစွာသော တုန်လှုပ်ခြင်းတွေနဲ့ ရောက်လာခဲ့တာပါ။ ငါ့ရဲ့ ဟောပြောချက်တွေ၊သတင်းစကားတွေဟာ လူတွေရဲ့ ပညာရှိပြီးနားဝင်ချိုတဲ့ စကားလုံးတွေနဲ့မဟုတ်ဘဲဝိညာဉ်တော်ရဲ့တန်ခိုးတော်ကိုထင်ရှားပြသခြင်းနဲ့သာဖြစ်ပါတယ် (၁ ကော ၂:၃-၄)။ ဒါ့အပြင်သူကမျိုးစေ့ကို စိုက်ပျိုးခဲ့ပြီးအာပေါလုကရေလောင်းခဲ့ပေမဲ့တကယ်တမ်း ကြီးထွားစေခဲ့တာကတော့ဘုရားသခင်ပဲဖြစ်တယ်လို့လည်းထောက်ပြခဲ့ပါတယ် (၁ ကော ၃:၆)။

ဘုရားသခင်က ကိုယ်တော့်နှုတ်ကပတ်တော် မျိုးစေ့ကြဲဖို့ကျွန်တော်တို့ကိုအသုံးပြုတယ်ဆိုပေမဲ့ ဝိညာဉ်ရေးရာကြီးထွားမှုကိုတော့ကိုယ်တော်တစ်ပါးတည်းသာဖန်တီးပေးနိုင်တာပါ။ဥပမာအားဖြင့် ဖိလိပ္ပိမြို့မှာ ပေါလုကလုဒိကို တရားဟောတဲ့အခါ ပေါလုပြောတဲ့သတင်းစကားကို လိုက်နာလက်ခံနိုင်ဖို့ လုဒိရဲ့နှလုံးသားကိုဖွင့်ပေးခဲ့တာဟာ ဘုရား သခင် ကိုယ်တော်တိုင်ဖြစ်ပါတယ် (တမန် ၁၆:၁၄)။

လောကသားတွေကိုအပြစ်ရှိကြောင်း၊ ဖြောင့်မတ်ခြင်းရှိကြောင်းနဲ့တရားစီရင်ခြင်းရှိကြောင်းတွေကိုနားဝင်အောင် ဖော်ပြပေးတာကသန့်ရှင်းသောဝိညာဉ်တော်ရဲ့အလုပ်ပဲဖြစ်ပါတယ်(ယော ၁၆:၈)။ ဒီအမှန်တရားကို သိထားရင် ကျွန်တော်တို့နှုတ်ကပတ်တော် မျှဝေတဲ့အခါတိုင်း ဝိညာဉ်တော်ရဲ့ လုပ်ဆောင်မစမှုအတွက် ဘုရားသခင်ထံမှာပိုပြီး အလေးအနက်တောင်းခံတတ်လာပါလိမ့်မယ်။

ဒါတင်မကသေးပါဘူး၊တခြားသူတွေကို နှုတ်ကပတ်တော် မျှဝေတဲ့အခါ ရဲရင့်ခြင်းရှိဖို့ ဘုရားသခင်ထံ ဆုတောင်းကြဖို့လည်း ကျမ်းစာကကျွန်တော်တို့ကိုတိုက်တွန်းထားပါတယ်။ ပေါလုက ငါသည် နှုတ်ကိုဖွင့်သောအခါ ပြောရမည့်စကားကို ငါ့အားပေးတော်မူ၍ ကောင်းမြတ်သောသတင်းနှင့်ဆိုင်သည့် လျှို့ဝှက်နက်နဲသောအရာကို ရဲရင့်စွာပြောပြနိုင်ရန် ငါ့အတွက်လည်း ဆုတောင်းပေးကြလော့။(ဧဖက် ၆:၁၉) လို့ ရေးခဲ့ပါတယ်။ အစောပိုင်းကာလက အသင်းတော်တွေဆီမှာလည်းစံနမူနာကောင်းတစ်ခုတွေ့နိုင်ပါတယ်။အရှင်ဘုရား၊ ယခုအခါ သူတို့ရဲ့ခြိမ်းခြောက်မှုတွေကိုမှတ်တော်မူပါ။ကိုယ်တော့်ရဲ့အစေခံတွေဟာနှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောနိုင်ဖို့ အခွင့်ပေးသနားတော်မူပါ။ သူတို့ဆုတောင်းပြီးတဲ့နောက် သူတို့စုဝေးနေတဲ့နေရာဟာလှုပ်ခါသွားခဲ့တယ်။

သူတို့အားလုံးဟာသန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝပြီး ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုရဲရင့်စွာဟောပြောခဲ့ကြတယ်(တမန် ၄:၂၉-၃၁)။ ဘုရားသခင်ဟာ လူတွေရဲ့ဘဝကို အခုပစ္စုပ္ပန်မှာရောနောင်ထာဝရအထိပါသက်ရောက်မှုရှိစေနိုင်တဲ့ကိုယ်တော့်နှုတ်ကပတ်တော်တည်းဟူသောအဖိုးတန်လက်ဆောင်ကို သင်နဲ့ကျွန်တော့်ဆီမှာ အပ်နှံထားပါတယ်။

ကျွန်တော်တို့ဟာဒီနှုတ်ကပတ် တော်ကို ထိရောက်စွာမျှဝေနိုင်ဖို့ ကိုယ်တော့်ရဲ့လမ်းပြမစမှုနဲ့ကောင်းချီးတွေကိုအလေးအနက်တောင်းခံ

ကြပါစို့။ရရှိတဲ့အခွင့်အရေးတို
င်းကိုအမိအရအသုံးချကြရ
အောင်ဗျာ။

အရှင်ဘုရား၊ကျွန်တော်တို့
ပြောတဲ့ စကားလုံးတွေနဲ့
ကျွန်တော်တို့ရဲ့အသက်တာ
တွေကတစ်ဆင့် ကိုယ်တော့်
နှုတ်ကပတ်တော်ဟာ စီးဆင်း
သွားပါစေ။
အဲဒီကနေတစ်ဆင့်ကျွန်တော်
တို့ပတ်ဝန်းကျင်ကလူတွေ
ရော၊ဝေးလံတဲ့ဒေသတွေမှာရှိ
တဲ့ လူတွေရဲ့ဘဝတွေကိုပါ
ပြောင်းလဲသက်ရောက်မှု
ရှိစေတော်မူပါ။ အာမင်။

ဆုတောင်းချိန်တွင် နှုတ်ကပတ်တော်ကို အသုံးပြုခြင်း

(Using The Word Of God In Prayer)

By F. J. Perryman

လွန်ခဲ့တဲ့ နှစ်ပေါင်းများ
စွာက ကျွန်တော့်ဘဝမှာ
အံ့သြစရာ ကောင်းတဲ့အသိ
တစ်ခုရခဲ့ပါတယ်။ အဲဒါက
တော့ ကျမ်းစာချက်တွေကို
သုံးပြီး ဆုတောင်းတာဟာ
အထိရောက်ဆုံး ဆုတောင်း
ခြင်းနည်းလမ်းပဲ ဆိုတာပါပဲ။
ကျွန်တော် ကတော့အလုပ်
ဖြစ်တဲ့၊ စာတန်ကို စိန်ခေါ်နိုင်
တဲ့၊ ပြီးတော့ ဘုရားသခင်ရဲ့
ဘဝတည်ဆောက်ရေး အစီ
အစဉ်သစ်တွေကို ဆုပ်ကိုင်
နိုင်တဲ့ဆုတောင်းခြင်းအစည်း
အဝေးမျိုးကိုသဘောကျပါတ
ယ်။ ဒါဟာခရစ်တော်ယေရှု
က ကျွန်တော့်ကိုဖမ်းဆီးဆုပ်
ကိုင် ထားတဲ့ ရည်ရွယ်ချက်
အတိုင်းကျွန်တော်ကိုယ်တိုင်
လည်း ပြန်ပြီး ဆုပ်ကိုင်နိုင်ဖို့
ကြိုးစားတဲ့ နည်းလမ်းပါပဲ
(ဖိလိပ္ပိ ၃:၁၂)။

သင်ဟာ ဘုရားသခင်နဲ့
အတူကျမ်းစာကိုဖွင့်ဖတ်တဲ့
အခါ တစ်ခါတလေ စကားလုံး
တစ်လုံး၊ စာကြောင်းတစ်
ကြောင်း၊ ဒါမှမဟုတ်
အကြောင်းအရာ တစ်ခုခုက
သင့်စိတ်ကို ဆွဲဆောင်သွား
တတ်ပါတယ်။အဲဒီလိုအချိန်
မျိုးမှာခဏရပ်ပြီးသေချာစဉ်း
စားကြည့်ပါ။ ဖြစ်နိုင်တာက
တော့ဘုရားသခင်ကသင့်ဆီ
ကနေအထူးတောင်းဆိုချက်
တစ်ခုခုလုပ်နေတာဖြစ်ဖို့များ
ပါတယ်။သင့်ဘက်ကအဲဒီစ
ကားကို ကိုယ်တိုင် လက်ခံ
တုံ့ပြန်ပြီးပြီဆိုရင်လည်းအခု
တစ်ခါမှာတော့ သင့်ကနေ
တစ်ဆင့်တခြားသူတွေဆီပို
ပြီး ကျယ်ကျယ်ပြန့်ပြန့်သက်
ရောက်စေဖို့ ဘုရားသခင်က
သုံးချင်နေတာဖြစ်ပါလိမ့်မယ်
**ဘုရားသခင်ရဲ့ သံလျက်(ဓား
မြှောင်)ကိုမြဲမြံစွာဆုပ်ကိုင်ပါ။**
အဲဒီကျမ်းချက်စကားလုံးကို
မြဲမြဲဆုပ်ကိုင်ထားပါ။ ဒါဟာ
ဘုရားသခင်ကသင့်လက်ထဲ
ကို ကိုယ်တော့်ရဲ့ သံလျက်
တော်ကိုကမ်းပေးလိုက်တာပါ
။ဒါကြောင့်လက်လွတ်မခံပါနဲ့
။စာတန်ကို အောင်နိုင်ပြီး
ဘုရား သခင်ရဲ့ အစီအစဉ်
တွေကို အကောင်အထည်
ဖော်နိုင်မယ့် ဒီလက်နက်ကို
စာတန်က သင့်ဆီကနေလု
ယူ သွားခွင့် မပေးပါနဲ့။ သင်
ဟာဆုတောင်းတဲ့အခါ စကား
လုံးတွေအများကြီး အာဝဇ္ဇန်း
ရွှင်ရွှင်နဲ့ ဆုမတောင်း နိုင်ဘူး
ဆိုရင်တောင်စကားလုံးတစ်
လုံး၊စာကြောင်းတစ်ကြောင်း၊
ဒါမှမဟုတ် ကျမ်း ချက် တစ်
ချက်ကိုမြဲမြဲဆုပ် ကိုင်ထားလို့
ရပါတယ်။ အဲဒီကျမ်းချက်ကို
ဘုရားသခင်ရှေ့မှောက်မှာချ
ပြပြီး ဒါကို နှောင့်ယှက်ဖျက်
ဆီး မယ့်ငရဲတစ်ခုလုံးကို
အာခံစိန်ခေါ်လိုက်ပါ။
အဲဒါဟာ ဝိညာဉ်ရေးရာ တိုက်
ပွဲဝင်ခြင်းပါပဲ။ အဲဒါဟာ
ဝိညာဉ်တော်ရဲ့ သံလျက်ကို
ယူပြီး အသုံးပြုတာ ဖြစ်ပါ
တယ်။ ဒါကို အသိပညာ
အနည်းဆုံးရှိတဲ့ယုံကြည်သူ
တောင် လုပ်နိုင်ပါတယ်။
အခု ကျွန်တော့်စိတ်ထဲမှာ
သာသနာပြုတစ်ယောက်
ဖြစ်လာမယ့် အမျိုးသမီးတစ်
ယောက်ရဲ့အကြောင်းကဖျတ်
ကနဲသတိရမိတယ်။
တစ်ခါကကျွန်တော်တည်းခို
တဲ့အိမ်မှာ သူလည်းရှိနေပြီး
ကျမ်းစာအာဏာစက်ကို ငြင်း
ပယ်ပြီး ကျမ်းစာ အကြောင်း
အကြီးအကျယ် ငြင်းခုံနေတဲ့
သူငယ်ချင်းတစ်ယောက်နဲ့ သူ
တိုးခဲ့တယ်။ကျွန်တော်ရောက်
သွား တဲ့အချိန်မှာ အဲဒီအမျိုး
သမီးက ငိုနေပြီး စိတ်ထဲမှာ
တော်တော်လေးကမောက်က
မ ဖြစ်နေရှာတယ်။ ဒါက
တကယ်ပဲ ဘုရားသခင်ရဲ့
နှုတ် ကပတ်တော် ဟုတ်ရဲ့
လား။ ဝိညာဉ်တော်မှုတ်သွင်း
ထားတာ သေချာရဲ့လား။ သူ
စိတ်ချလို့ရပါ့မလား။ ဆိုပြီး
တော့ပေါ့။

ကျွန်တော်ကလည်း မင်းရဲ့
ကျမ်းစာအုပ်ကို ယူခဲ့။ အပေါ်
ကို မြှောက်ထားလိုက်၊ ပြီး
တော့ မင်းတကယ် ယုံကြည်
တယ်ဆိုရင်ဒီလိုပြောလိုက်ပါ
။ ဒါဟာ ဘုရားသခင်ရဲ့ နှုတ်
ကပတ်တော်ဖြစ်တယ်လို့ ငါ
ကြေညာတယ်။ ဒါဟာ ကိုယ်
တော့် စကားပဲ။ ဘုရား
သခင်ကသန့်ရှင်းတဲ့သူတွေ
ကို ဝိညာဉ်တော်အားဖြင့်
လမ်းပြပြီး ကိုယ်တော်ပြော
စေချင်တဲ့ အရာတွေကို ရေး
သားစေခဲ့တာ။ အခု ဒါဟာ
ဒီမှာရှိနေပြီ၊ ငါဟာ ဘုရား
သခင်၊ သားတော်နဲ့ သန့်ရှင်း
သော ဝိညာဉ်တော်ကို
ယုံကြည်တယ်။ ဒါနဲ့ ဆန့်ကျင်
ဘက်ဖြစ်တဲ့ ဘယ်အရာမဆို
ငါငြင်းပယ်တဲ့ မုသားပဲလို့
သက်သေခံချက်မျိုး ပြောခိုင်း
လိုက်တယ်။ မိနစ်ပိုင်းအတွင်း

မှာပဲ သူ သက်ပြင်းအရှည်ကြီး ချလိုက်ပြီး စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ဒီအဖြစ် အပျက်ရဲ့ သက်ရောက်မှုကို သူရောကျွန်တော်ပါဘယ် တော့ မှ မေ့မှာ မဟုတ်ပါဘူး။ ဒါကကလေး ကလားဆန် တယ် လို့ ထင်ရကောင်းထင်ရ လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် ပြောရဲတယ်၊ အဲဒါဟာ စာတန် အမုန်းဆုံးအရာပဲ။ စာတန်သာတတ်နိုင်ရင်သင့် ကိုဘုရားသခင်ရဲ့နှုတ်ကပတ် တော်ပေါ်မှာ အဲဒီလို ခိုင်ခိုင် မာမာမတ်တတ်ရပ်ခွင့်ပေးမှာ မဟုတ်ဘူး။ ဒါပေမဲ့ လူပေါင်း ထောင်ချီသက်သေပြနိုင်သ လိုပဲ၊ အခုလို တိတိကျကျ ပြတ်ပြတ်သားသားလုပ်တာ ဟာတကယ်ကိုအလုပ်ဖြစ်ပါ တယ်။နောက်ပိုင်းမှာအဲဒီအ မျိုးသမီးနဲ့ငြင်းခုံခဲ့တဲ့သူကိုယ် တိုင်လည်းတက်ကြွတဲ့ခရစ် ယာန်တစ်ယောက်ဖြစ်ဖို့ဒီလို မျိုးပဲ လိုက်လုပ်ခဲ့ရတယ်လို့ ကျွန်တော်ဖြည့်စွက်ပြောပါရ စေ။

ကျမ်းစာချက်တွေကို ဘုရားသခင်ရှေ့မှောက်မှာ ချပြပြီး ဆုတောင်းတဲ့ကိစ္စဆီ ပြန်သွားရအောင်။ ကျွန်တော် အခုရေးနေတာက ဒါကိုလုပ် နိုင်စွမ်းရှိတဲ့သူတွေအတွက်ပါ ။ဆုတောင်းခြင်း ထဲကို တကယ်နှစ်ဝင်သွားဖို့ဆုံးဖြ တ်ထားပါ။မနက်ခင်းတစ်ခု လုံးဒါမှမဟုတ်ညနေခင်းတစ် ခုလုံးမှာတခြားအရာအားလုံး၊ လိုအပ်ရင်အစားအစာကိုပါ ဘေးဖယ်ထားပြီးဆုတောင်း ခြင်းအလုပ်အစစ်အမှန်ထဲမှာ ပဲ အချိန်ပေးလိုက်ပါ။ သင် အဆင်ပြေဆုံးဖြစ်မယ့်ပုံစံမျိုး နဲ့ဆုတောင်းပါ။ စကားလုံး တွေနဲ့ဖြစ်စေ၊ သက်ပြင်းချ ရင်းဖြစ်စေ၊ လက်နှစ်ဖက်ကို မြှောက်လို့ဖြစ်စေ၊ ဒါမှမဟုတ် ကျမ်းစာအုပ်ပေါ်လက်ညှိုးတ င်ပြီးဖြစ်စေပေါ့။ ဖြစ်နိုင်ရင် သင်မြင်ရတဲ့အရာတွေကိုချ ရေးပါ၊ ဘုရားသခင်ရဲ့ ကတိ တော်တွေကိုကူးရေးပြီးသင့်ရဲ့ လက်မှတ်ကိုပါထိုးကာ အာမင်၊လို့အားပါးတရပြော လိုက်ပါ။အဲဒါဘယ်လောက် တောင်အဓိပ္ပာယ်လေးနက်လို က်မလဲ။

အို၊ ဒီကတိတော်တွေ၊ ဘုရားသခင်ရဲ့လက်ရေးစာမူ တွေမှာ အံ့သြစရာကောင်းတဲ့ ဖွင့်ပြချက်တွေနဲ့အနှစ်သာရ တွေ ဘယ်လောက်တောင် ရှိနေလိုက်သလဲ။ တကယ့်ကို ကြီးမားတဲ့စာကြည့်တိုက်ကြီး ၊ တကယ့် ရတနာသိုက်ကြီး၊ တကယ့် အသက်အတိုင်းပါပဲ။ "ငါဟောပြောသောစကားတို့ သည် ဝိညာဉ်ဖြစ်ပြီး အသက် လည်းဖြစ်၏(ယော ၆:၆၃) လို့ ယေရှု မိန့်တော်မူခဲ့ပါတယ်။

ချစ်ရပါသော ဓမ္မမိတ်ဆွေ တို့ နှုတ်ကပတ်တော်ရဲ့ ဖွင့်ပြ ချက်တွေဟာ ကျွန်တော်တို့ ယုံကြည်ခြင်းရဲ့ ပစ်မှတ်တွေ ဖြစ်လာရပါမယ်။ အဲဒါတွေကို အသုံးပြုပါ။ အကောင်အ ထည်ဖော်ပါ။သတ္တိရှိရှိလုပ် ဆောင်လိုက်စမ်းပါ။

ကျွန်တော့်အတွက်တော့ အချက်နှစ်ချက်ကို လုပ်ရတာ သိပ်ကောင်းတယ်လို့ မြင် တယ်၊ ပထမတစ်ခုက နှုတ် ကပတ်တော်ကိုဘုရားသခင် ရှေ့မှာချပြတာ၊ဒုတိယတစ်ခု ကတော့လူတစ်ယောက် ယောက်၊ဒါမှမဟုတ်နေရာတ စ်ခုခု၊အကြောင်းအရာတစ်ခုခု ကိုဘုရားသခင်ရှေ့မှာတင်ပြ ပြီးကိုယ်တော့်အလိုတော်အ တိုင်းဖြစ်ပါစေကြောင်း၊ အာမင်၊လို့အမြဲတမ်းဝန်ခံဆု တောင်းတာပဲ ဖြစ်ပါတယ်။

လက်နှစ်ဖက်မြှောက်၍ ဆုတောင်းခြင်း။တိမောသေ ထံ ပေးပို့တဲ့ ပေါလုရဲ့ ပထမ ဆုံးစာမှာ လူအပေါင်းတို့အဖို့ အသနားခံခြင်း၊ ဆုတောင်း ခြင်း၊ကြားဝင်အသနား ခံခြင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းတို့ ကို ပြုကြလော့(၂:၁) လို့ တိုက်တွန်းထားပါတယ်။ ပြီးတော့အထွတ်အထိပ်အနေ နဲ့ဒီစကားလုံးတွေဆက်လာပါ တယ်။ဒါကြောင့်ယောကျ်ားတွေဟာဒေါသအမျက်ထွက် ခြင်း၊ငြင်းခုံခြင်း မရှိဘဲ သန့်ရှင်းတဲ့လက်ကိုမြှောက် လို့နေရာတိုင်းမှာဆုတောင်း စေချင်တယ်(၂:၈)

ဆုတောင်းတဲ့အခါလက် မြှောက်ဖို့ ဘာလို့ ဒီလိုပြောရ တာလဲ။ ဖြစ်နိုင်တာကတော့ ပေါလုကိုယ်တိုင် ခန္ဓာကိုယ် ပိုင်းဆိုင်ရာ အားနည်းချက် တစ်ခုခု ရှိနေလို့၊ စကားလုံး တွေနဲ့ အမြဲတမ်း ပုံဖော်မပြ နိုင်တဲ့အရာတွေကို အာရုံစိုက် ပြီး ဖော်ပြဖို့အတွက် ဒီလိုထိ ရောက်တဲ့ နည်းလမ်းကို ရှာ ဖွေ တွေ့ရှိသွားတာလည်း ဖြစ် နိုင်ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်ကတည်းက ဒီလို လုပ်တဲ့ အကျင့်ရခဲ့ပြီး၊ ဒီလို နည်းလမ်းနဲ့တိုက်ပွဲကိုအပြတ် အသတ်ဆင်နွှဲတဲ့အခါ စာတန် ရှုံးနိမ့်သွားပြီး ဘုရားသခင် ကြားဝင်မစခဲ့တဲ့ ထူးခြားတဲ့ ဖြစ်ရပ်တချို့ကိုမှတ်မိနေပါ သေးတယ်။ ကြားထဲမှာ ဒီ အကျင့်ကိုခဏလက်လွှတ်မိ သွားသေးပေမဲ့ အရေးပေါ် အခြေအနေတစ်ခုနဲ့ တိုးတဲ့ အခါမှာတော့ ဒါဟာ ဘယ် လောက် တန်ဖိုးရှိလဲဆိုတာ ပြန်သိလာပြီးဒီနည်းလမ်းကို ပဲပြန်သုံးခဲ့ပါတယ်။ ပေါလု ဟာလည်း ဒီနည်းလမ်းရဲ့ ထိရောက်မှုကိုတကယ်ယုံကြ ည်လို့ပဲတိမောသေဆီအထူး မှာကြားခဲ့တာ ဖြစ်မှာပါ။ အဲ ဒီလိုမှာတဲ့အခါ၊ဒေါသ အမျက် ထွက်ခြင်းနဲ့သံသယစိတ်မရှိ ဘဲ၊ဆိုတဲ့အရေးကြီးတဲ့စကား လုံးကိုသုံးခဲ့တယ်၊ဘာလို့လဲ ဆိုတော့အဲဒီနှစ်ခုလုံးကအန္တ ရာယ်ရှိလို့ပါပဲ။ ဆုတောင်း ခြင်းနယ်ပယ်မှာကလွဲစားချေ ချင်စိတ်ဒါမှမဟုတ်မယုံကြည် တဲ့စိတ်တွေအတွက်နေရာမရှိ ပါဘူး။ ဒါပေမဲ့ အဲဒီအရာတွေ မပါဘဲဖြူစင်ပြီးရဲရင့်တက်ကြွ တဲ့ဝိညာဉ်တစ်ခုရဲ့ မြှောက် ထားတဲ့ လက်တွေဟာဘယ် လောက်တောင်သက်ရောက်

မှုရှိနိုင်မလဲ။ ဘုရားသခင်ရဲ့ အချုပ်အခြာ အာဏာတော် တိတ်ဆိတ်ခြင်းအောက်မှာ အခြေအနေ တစ်ခုလုံးကို ဘုရားသခင်ရှေ့တင်ပြထားနိုင်ပြီး၊မမြင်ရတဲ့ဝိညာဉ်ရေးအင်အားစုတွေကတော့ဘုရားသခင်ရဲ့အလိုတော် ပြည့်စုံဖို့နဲ့ စာတန်ရဲ့ လုပ်ငန်းတွေကို ဖျက်ဆီးဖို့အသင့်ပြင်ဆင်နေကြမှာဖြစ်ပါတယ်။

ပေါလုဟာ လူတွေ အပေါ်အန္တရာယ်ရှိတဲ့စိတ်တန်ခိုး (Psychic force) တွေ သုံးဖို့ပြောနေတာမဟုတ်ပါဘူး။အဲဒါကတော့ ယုံကြည်ခြင်းနဲ့ ဆုတောင်းခြင်းကို စာတန်က အတုခိုးထားတဲ့ လှည့်စားမှုဖြစ်ပြီးကျွန်တော်တို့ ခရစ်တော်၌ ခိုလှုံခြင်းဖြင့် သတိထားကာကွယ်ရမယ့်အရာပါ။ ဒါပေမဲ့အတုတွေရှိနေလို့ဆိုပြီးတကယ့်အစစ်အမှန်ကိုကျွန်တော်တို့လက်မလွှတ်သင့်ပါဘူး။ ဒီအစစ်အမှန်မှာတော့ဘုရားသခင်နဲ့ ပူးပေါင်းလုပ်ဆောင်မယ့် ဝိညာဉ်ရေးရာအင်အား အားလုံးကို အသုံးပြုပြီးကျွန်တော်တို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စ တွေနဲ့ ကမ္ဘာ့အရေးအခင်းတွေကို ဘုရားသခင်ရဲ့ အလိုတော် အတိုင်း ပြောင်းလဲလာအောင် ဆုတောင်းပေးနိုင် ပါတယ်။ ၁တိမောသေ ၂:၁-၈တစ်ပိုဒ်လုံးကိုဖတ်ပြီး အဲဒီအတိုင်း ဆုတောင်းကြည့်ပါ။ သင် တကယ်ပဲအံ့သြဝမ်းမြောက်သွားလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ လူအချို့ အတွက်ပဲဆုတောင်းပေးမယ့် အစား လူအားလုံးအတွက် စပြီးဆုတောင်းပေးတဲ့အခါမှာ လည်း ဒီလိုပဲ ခံစားရမှာပါ။

ယုံကြည်ခြင်းအားဖြင့်အနန္တတန်ခိုးတော်ထံသို့ဝင်ရောက်လာခြင်း။နိုင်ငံတွေကြားထဲမှာဖြစ်ပျက်နေတဲ့အမျိုးသားရေးနဲ့နိုင်ငံတကာပဋိပက္ခတွေ၊မနာလိုမှုတွေ၊ မုန်းတီးမှုတွေ၊ ကျူးကျော်မှုတွေ၊ လုယက်မှုတွေ စတဲ့ အံ့သြတုန်လှုပ်စရာအဖြစ်အပျက်တွေကို သင် သတိပြုမိတဲ့အခါ၊အခြေအနေတစ်ခုလုံးဟာ ဧဖက် ၆:၁၂-၁၆နဲ့ ကောလောသဲ ၂:၁၅မှာဖော်ပြထားတဲ့မမြင်ရတဲ့မှောင်မိုက်အင်အားစုတွေရဲ့ကြိုးကိုင် ခြယ်လှယ်မှုကြောင့်ပဲဆိုတာသင်သဘောပေါက်လာပါလိမ့်မယ်။

ကောလောသဲ ၂:၁၅ အရ ဒီအင်အားစုတွေကိုခရစ်တော်ကကားတိုင်ပေါ်မှာအပြတ်အသတ် အောင်နိုင်ခဲ့ပြီးပါပြီ။ ဒါကြောင့်ဒီလိုထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့အခြေအနေတွေအတွက်တစ်ခုတည်းသောအဖြေကတော့စာတန်နဲ့ လူသားတွေပျက်စီးခြင်းကြားထဲမှာဝင်ရောက်တားဆီးပေးနိုင်တဲ့သာ၍ ကြီးမြတ်တဲ့ အထက်ထက်ကတန်ခိုးတော်ဝင်ရောက်စွက်ဖက်ပေးဖို့ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာပဲ ဘုရားသခင် အမြဲတမ်း ရှာဖွေနေတဲ့ ဆုတောင်းခြင်းလူသား၊ ကခရစ်တော်ရဲ့ ကားတိုင်တော် အောင်ခြင်းကိုကိုင်စွဲပြီးကြားထဲကဝင်ရောက်ရပ်တည်ပေးရတာဖြစ်ပါတယ်။ရှေးခေတ်ကအာရုန်လိုပဲ သူဟာဘေးဒဏ်ဆိုးကိုတားဆီးပေးတယ်(တော ၁၆:၄၁-၅၀)၊ စစ်ပွဲရဲ့ အလှည့်အပြောင်းကို ဖြစ်စေပြီး၊ ခွန်အားကြီးသော သူတို့နှင့်တကွလုယက်ရာဥစ္စာကိုဝေဖန်တတ်၏(ဟေ ၅၃:၁၂)။ဘုရားသခင်ရဲ့ လူတွေရဲ့ ယုံကြည်ခြင်းအားဖြင့် အနန္တတန်ခိုးတော်ဟာအခြေအနေတွေထဲကိုချဉ်းနင်းဝင်ရောက်လာတာပါ။ကျွန်တော့် အတွက်တော့ ကျွန်တော် ခံစားရသမျှ၊ တွေးမိသမျှနဲ့ ဆန္ဒရှိသမျှအားလုံးကိုဖော်ပြဖို့၊လက်နှစ်ဖက်ကို မြှောက်ပြီး ဘုရားသခင်ရဲ့ အလိုတော် ပြည့်စုံပါစေကြောင်းတောင်းဆိုတဲ့ နည်းလမ်းထက်ပို ကောင်းတာမရှိပါဘူး။

အကယ်၍နိုင်ငံရေးခေါင်းဆောင်တွေသာ ဒီရိုးရှင်းပြီး နက်နဲတဲ့ လျှို့ဝှက်ချက်ကို သိကြရင်ကောင်းကင် ဗိုလ်ခြေအရှင် ဘုရားသခင်က သူတို့အတွက်ရော၊သူတို့နဲ့အတူ ပါဘာတွေအများကြီးလုပ်ပေးနိုင်မလဲ။

ဒါကြောင့် ကျွန်တော့်ရဲ့ အဓိက အချက်ဆီပြန်သွားရရင်၊ကျွန်တော်ဟာ အသင်းတော်ကြီးတစ်ခုလုံးကို ဘုရားသခင်ရှေ့မှာတင်ပြဆုတောင်းပါတယ်။ အဲဒါဟာကျွန်တော့်အတွက်တော့သန့်ရှင်းသူအပေါင်းတို့အဖို့ဆုတောင်းခြင်းပါပဲ။

ဘုရားသခင်အားဖြင့် လူတိုင်းကိုသင်တို့ထိဆုတောင်းပေးနိုင်ပြီး၊ဝိညာဉ်တော်အားဖြင့် သူတို့ရဲ့ အာမင်မှာကိုယ့်ရဲ့အာမင်ကို ပေါင်းစပ်နိုင်တယ်လို့ ခံစားရတာဟာ စိတ်ကို လန်းဆန်းစေပြီး ခွန်အားသစ် ဖြစ်စေပါတယ်။ ခရစ်တော်၌တစ်ယောက်နဲ့တစ်ယောက်ဒီလိုဆက်နွှဲနေရတာဟာအံ့သြစရာကောင်းလှသလိုတကယ်လည်းအစစ်အမှန်ဖြစ်ပါတယ်။အဲဒါကတော့ "ဝိညာဉ်တော်၏ စည်းလုံးခြင်းပါပဲ (ဧဖက် ၄:၃)။ ဒါကို ရဲရင့်စွာထိန်းသိမ်းထားကြပါစို့။

ကျွန်တော်ဟာလူမျိုးနွယ်တွေ၊ လွတ်တော်တွေ၊ ခေါင်းဆောင်တွေနဲ့ မူဝါဒတွေကို ဘုရားသခင်ရှေ့ တင်ပြ ဆုတောင်းလပါတယ်။ တစ်ခါတလေ တိတိကျကျ၊ တစ်ခါတလေခြုံငုံပြီး၊ တစ်ခါတလေနာမည်တွေတပ်ပြီး၊တစ်ခါတလေအဖွဲ့ အစည်းလိုက် ဆုတောင်းပါတယ်။ ဒါဟာ ပြီးစလွယ်လုပ်တာမဟုတ်ပါဘူး။ တခြားအလုပ်တွေ လုပ်နေရင်းနဲ့တောင်ဒီလိုဆုတောင်းနေနိုင်ပါတယ်။ အဲဒါဟာ ဝိညာဉ်တော်အားဖြင့်အစဉ်မပြတ် ဆုတောင်းခြင်းပါပဲ (ဧဖက် ၆:၁၈)။ ဒီအရာက သင့်ကိုလွှမ်းမိုးချုပ်ကိုင်သွားတာမျိုး ဖြစ်ပါတယ်။

ကျွန်တော်စိတ်ထဲကျမ်းစာချက်တွေရောက်လာတတ်ပါတယ်၊ ကိုယ်တော်၏ရှေ့မှောက်၌ မထင်ရှားသောအရာတစ်စုံတစ်ခုမျှမရှိ။အရာခပ်သိမ်းတို့သည် ကိုယ်တော်၏မျက်မှောက်၌ အကွယ်အကာမဲ့လျက် ဟင်းလင်းပွင့်နေ၏။(ဟေဗြဲ ၄:၁၃)။ ကျွန်တော်ဒါကိုမြဲမြဲဆုပ်ကိုင်ထားတယ်။ လူမျိုးတို့ကို ရေပုံးထဲမှရေတစ်စက်ကဲ့သို့၊ ချိန်ခွင်ပေါ်မှ ဖုန်မှုန့်ကဲ့သို့ ထင်မှတ်၍ ကျွန်းတို့ကို မြူမှုန်ကဲ့သို့ ကိုင်တော်မူ၏။ (ဟေရာယ ၄၀:၁၅)။

အဲဒီကျမ်းချက်ပေါ်မှာ ကျွန်တော် ခြေချရပ်တည်ပြီး ဘုရားသခင်ကို ပိုပြီးကြီးမြတ်တဲ့အမြင်နဲ့ကြည့်မြင်လိုက်ပါတယ်။ သင် ဘဝရဲ့ လမ်းဆုံးကို ရောက် နေပြီလို့ ခံစားရတဲ့အခါ ဟေရာယ အခန်းကြီး ၄၀ ကို ဖတ်ကြည့်ပါ။ ပြီးရင် အဲဒီကျမ်းချက်ကိုဘုရားသခင် ရှေ့မှာချပြပြီး အာမင်လို့ တဆက်တည်း ဝန်ခံဆုတောင်းကြည့်လိုက်ပါဗျာ။

ဆုတောင်းခြင်းဆိုတာအလုပ်တစ်ခုပါ။ ဒီနေရာမှာတော့ ဆုတောင်းခြင်းရဲ့ လှုပ်ရှားဆောင်ရွက်မှု လမ်းကြောင်းတွေအကြောင်းကို အရိပ်အမြွက်လောက်ပဲပြောပြနိုင်ပါတယ်။တကယ်သိချင်စိတ်ရှိတဲ့သူတိုင်းကိုသန့်ရှင်းသောဝိညာဉ်တော်ကသွန်သင်ပြသပေးမှာပါ။ဒါပေမဲ့ဆုတောင်းခြင်းဆိုတာတကယ်ကိုအလုပ်တစ်ခု (Business)ပါ။ ထုံးစံတွေ၊ နည်းစနစ်တွေ ဘယ်လိုပဲရှိရှိ စိတ်ထဲသိပ်မထားပါနဲ့။ အဓိကက အလုပ်ဖြစ်ဖို့ (တစ်ခုခု ပြီးမြောက်ဖို့) ပါပဲ။ ရလဒ်တွေထွက်လာအောင် လုပ်ပါ။ ဘုရားသခင်ဟာကိုယ်တော်မိန့်တော်မူတဲ့ အတိုင်းအကုန်လုပ်ဆောင်ပေးမယ်လို့ ယုံကြည်လိုက်ပါ။ အဲဒီအထဲက တချို့ကိုတော့ အခုလောလောဆယ်မှာတင်ရလဒ်အစအနအနေနဲ့မြင်တွေ့ရပါလိမ့်မယ်။တချို့ကတော့အနာဂတ်ကျမှ ဖြစ်လာမှာပါ။ ဒါပေမဲ့ သင်ဟာဘုရားသခင်ရဲ့ထာဝရအခု၊ဆိုတဲ့အချိန်ကာလထဲမှာ အသက်ရှင်နေတာဖြစ်လို့ မရှိ သေးတဲ့အရာတွေကို ရှိနေသကဲ့သို့ယုံကြည်ချက်နဲ့ လှမ်းခေါ်နိုင်ပါတယ် (ရောမ ၄:၁၇)။ အဲဒီလို ယုံကြည်ခြင်းမျိုးဟာ ဘယ်လိုမှဖောက်ထွင်းလို့မရတဲ့ အောင်နိုင်ခြင်းဒိုင်းလွှားကြီးပါပဲ။

ဖွဲ့နပဲနဲ့ ဆက်လုပ်ပါ။ ပေါလုကဘာလို့ ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌာနာပြုခြင်းအမျိုးမျိုးတို့ဖြင့်ဆုတောင်းကြလေ့။ထိုသို့ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလေ့။ (ဧဖက် ၆:၁၈) လို့ ပြောခဲ့တာလဲ။ ဆုတောင်းခြင်း၊ အသနားခံခြင်း၊စောင့်ကြည့်ခြင်း၊ဖွဲ့လုံ့လစိုက်ထုတ်ခြင်း၊ ဒါတွေအားလုံးကိုဘာလို့လုပ်ခိုင်းတာလဲ။ သင့်ဘဝရဲ့ ပြဿနာတွေကို ဆုတောင်းခြင်းနဲ့ စိန်ခေါ်ဖြေရှင်းဖို့ ပြင်ဆင်လိုက်တာနဲ့၊ မမြင်ရတဲ့ ဝိညာဉ်ရေး လောကထဲမှာ သေချာလေ့ကျင့်ထားတဲ့ရန်သူစစ်ဗျူဟာမှူး (စာတန်) တွေနဲ့ ထူးထူးဆန်းဆန်း ရင်ဆိုင်တိုးရတတ်လို့ပါပဲ။ အဲဒီမမြင်ရတဲ့လောက လောက်ရန်သူတွေရဲ့ ဗျူဟာတွေအသက်ဝင်လှုပ်ရှားနေတဲ့နေရာ မရှိတော့ပါဘူး။

မင်္ဂလာရှိသော မျှော်လင့်ချက်

The Blessed Hope

By James F. Hardman

မှောင်မိုက်လာနေတဲ့ဒီကမ္ဘာကြီးရဲ့ အမှောင်ထုကိုလင်းလက်သွားစေဖို့ဘုရားသခင်ကကိုယ်တော်ရဲ့ဒုတိယအကြိမ်ကြွလာခြင်းမျှော်လင့်ချက်ကို ပေးသနားခဲ့တာဟာတကယ့်ကိုသနားကရုဏာကြီးမားလှပါတယ်။ ဒီနေ့ခေတ်ရဲ့စိတ်မကောင်းစရာအခြေအနေ တစ်ခုကတော့ သခင်ဘုရားပြန်လည်ကြွလာမယ့်အကြောင်းနဲ့ ကျမ်းစာပရောဖက်ပြုချက်တွေအကြောင်း သွန်သင်ချက်ဟာ တချို့နေရာတွေမှာခေတ်မစားတော့သလိုဖြစ်နေတာပါပဲ ။ဒါပေမဲ့တစ်ယောက်ယောက် ပြောခဲ့သလိုပေါ့။ ဒီ၊ မင်္ဂလာရှိသော မျှော်လင့်ချက်၊ (တိတု ၂:၁၃) ဆိုတာဟာ ခရစ်တော်ကို ကျွန်တော်တို့ ယုံကြည်ခြင်းရဲ့ နောက်ဆက်တွဲ စာရွက်စာတမ်းသက်သက် မဟုတ်ပါဘူး၊အဲဒီယုံကြည်ခြင်းရဲ့ အထွတ် အထိပ် သရဖူဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့ဟာ ကျမ်းစာကို လမ်းပြအဖြစ်ခံယူထားတယ်ဆိုရင်ဒီသွန်သင်ချက်ကို ဘေးဖယ်ထားလို့ မရပါဘူး။

ပထမရာစုနှစ်က ခရစ်ယာန်တွေရဲ့ မျှော်လင့်ချက်ဟာသူတို့ရဲ့ အမြဲသုံးနေကျ ကြွေးကြော် သံစကားလုံးဖြစ်တဲ့ မာရာနသ၊ (Maranatha သခင် ဘုရား ကြွလာတော်မူသည်)ဆိုတဲ့စကားလုံး လေးထဲမှာ ထင်ထင်ရှားရှား ပုံပေါ်နေခဲ့ပါတယ်(၁ကောဝ၁၆:၂၂)။ ပညာရှင်တွေ ပြောတာကတော့၊ အစောပိုင်းခရစ်ယာန်တွေတိတ်တဆိတ်စုဝေးဆုတောင်းခဲ့ရတဲ့ ညှဉ်းပန်းနှိပ်

စက်မှု ခေတ်တုန်းက ဒီ မာရာနသ၊ ဆိုတဲ့စကားလုံး ဟာ သူတို့အချင်းချင်း အပြန် အလှန် သုံးခဲ့ကြတဲ့ လျှို့ဝှက် စကားဝှက် (Password) ဖြစ်သလို၊ တွေ့တဲ့အခါ နှုတ် ဆက်တဲ့ စကားလည်း ဖြစ် တယ်လို့ ဆိုပါတယ်။

တမန်တော်ပေါလုက ဒီလို ရေးထားပါတယ်။ သခင် ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန် မင်းအသံ ပေးခြင်း၊ဘုရားသခင်၏ တံပိုး တော် ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုင်တိုင် ဆင်းသက်တော်မူ၍၊ ခရစ် တော်၌သေလွန်သောသူတို့ သည်အဦးထမြောက်ကြလိမ့် မည်။

ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသ ကောင်းကင်၌ သခင် ဘုရား ထံတော်သို့ ရောက်စေခြင်းငှါ၊ထိုသူတို့နှင့် တကွ မိုးယံတိမ်ပေါ်သို့ချီ ဆောင်ခြင်းကို ခံရသောအား ဖြင့် သခင်ဘုရားနှင့် အတူ အစဉ်မပြတ် နေရကြလိမ့် မည်။

သို့ဖြစ်၍၊ ဤစကား များအားဖြင့် အချင်းချင်း တ ယောက်ကိုတယောက် သက် သာစေကြလော့။(၁သက် ၄:၁၆-၁၈)။

ဒီစကားလုံးတွေဟာ *Parousia*(ပါရူးဆီးယား)။ ယုံကြည်သူတွေကို သိမ်း ဆည်းဖို့ သခင်ယေရှုခရစ် ကိုယ်တိုင် ဒုတိယအကြိမ် ပြန်လည်ကြွလာခြင်းကို ရည် ညွှန်းတာ ဖြစ်ပါတယ်။ ဒေါက်တာ ဂရစ်ဖစ် သော မတ်စ်က ကျမ်းစာရဲ့ ကြီးမြတ် တဲ့စကားလုံးဖြစ်တဲ့ မျှော်လင့် ချက်၊ထဲမှာ မရေမရာဖြစ်စရာ ဘာတစ်ခုမှ မရှိပါဘူး။ အဲဒါ ကတော့မမြင်ရသေးတဲ့ အရာ တွေအတွက် ဘုရားသခင် ပေးသနားထားတဲ့ သေချာတဲ့ စိတ်ချမှု ဖြစ်ပါတယ်လို့ ရေးခဲ့ ပါတယ်။

ဓမ္မသစ်ကျမ်းထဲမှာဆိုရင် သမ္မာတရားဝိညာဉ်တော်ဟာ သခင် ဘုရားပြန်လည်ကြွမ လာခင်အထိ အသင်းတော်ရဲ့ လမ်း ကြောင်းကို အလင်းပြ ပေးထားပါတယ်။ဒီအမှန်တ ရားကိုပရောဖက်ပြုချက်တွေ၊ ပုံပမာတွေနဲ့ကတိတော်တွေ ထဲမှာ အနည်းဆုံး အကြိမ် ၃၀၀မကထည့်သွင်းဖော်ပြ ထားတာပါ။

ဗျာဒိတ်ကျမ်းကတော့ ဒီသမ္မာတရားရဲ့ အလင်းတန်း အားလုံးကိုဘုန်းကြီးတော်မူ သော သခင်ဘုရားရဲ့ ပုဂ္ဂိုလ် ပေါ်မှာပဲအာရုံစိုက်စုစည်းပေး ထားပါတယ်။ ကိုယ်တော်ဟာ တစ်ကြိမ်တုန်းကတော့ မိမိ ကိုယ်ကို ယဇ်ပူဇော်ခြင်းဖြင့် အပြစ်ကိုပယ်ရှင်းဖို့ကြွလာခဲ့ ပြီးပြီဖြစ်သလို၊ အခုတစ်ခါမှာ တော့ ကယ်တင်ခြင်းသို့ ရောက်စေခြင်းဌာနအပြစ်နှင့်မ ဆိုင်ဘဲဒုတိယအကြိမ်ပြန်လ ည်ကြွလာမှာ ဖြစ်ပါတယ် (ဟေဗြဲ ၉:၂၆၊ ၂၈)။

နှိုးဆော်တိုက်တွန်းခြင်း အပြည့်ရှိခြင်း။ အိမ်ရှင်သည် ညဦးအချိန်၊သန်းခေါင်အချိန်၊ ကြက်ဦးတွန်ချိန်၊ နံနက် အချိန်တို့တွင်အဘယ်အချိန် ၌လာမည်ကိုသင်တို့မသိ သောကြောင့်စောင့်နေကြ လော့။

သို့မဟုတ်အမှတ်တမဲ့ လာ၍ သင်တို့အိပ်ပျော်သည်ကို တွေ့ လိမ့်မည်။

စောင့်နေကြလော့ဟု သင်တို့အားငါဆိုသည်အတို င်း၊ ခပ်သိမ်းသောသူတို့အား ငါဆိုသည်ဟု မိန့် တော်မူ၏ (မာကု ၁၃:၃၅-၃၇)။

ကျမ်းစာထဲမှာ ကျွန်တော်တို့ နိုးနိုးကြားကြားရှိနေရမယ့်အ ချိန်မှာ (ဝိညာဉ်ရေးအရ) အိပ် ပျော်နေခြင်းရဲ့ အန္တရာယ် အကြောင်း အများကြီး သတိပေးထားပါတယ်။

ရှုံဆုန်ဟာအိပ်ပျော်နေတုန်း မှာ သူ့ရဲ့ခွန်အားတွေကို လုယူခြင်းခံခဲ့ရ တာကို သတိ ရမိမှာပါ။ မဿဲ ၂၅ ထဲက သတို့သမီး အပျိုကညာ ငါး ယောက်ဟာလည်း သတို့သား အလာနှောင့်နှေး နေတဲ့အခါ ငိုက်မြည်းပြီးအိပ်ပျော်သွားခဲ့ ကြပါတယ်။

ဂျေ အီး ဖိုင်ဆန်က ဒုတိယ အကြိမ်ကြွလာခြင်း ဆိုတာ ဘဝကို ထုံထိုင်းသွားစေတဲ့ ဝိညာဉ်ရေးရာ စိတ်ငြိမ်ဆေး (Narcotic) မဟုတ်ပါဘူး၊ ဘဝကိုတက်ကြွလှုပ်ရှားစေ တဲ့ ဝိညာဉ်ရေးရာ နှိုးဆော် ဆေး (Stimulant)ပါ လို့ ပြော ခဲ့ပါတယ်။

သင်တို့အပေါင်းသည် အလင်း၏သား၊နေ့၏ သား ဖြစ်ကြ၏။ ညဉ့်၏ သား၊ မှောင်မိုက်၏သားမဟုတ်။ သို့ဖြစ်၍၊ အခြားသော သူတို့ သည် အိပ်ပျော်သကဲ့သို့၊ ငါတို့ သည် အိပ်မပျော်ဘဲ သမ္မာ သတိရှိ၍စောင့်ကြကုန်အံ့။ အကြောင်းမူကား၊အိပ်ပျော် သော သူတို့သည် ညဉ့်အခါ အိပ်ပျော်တတ်ကြ၏။ သေရည်သေရက်နှင့်ယစ်မူး သောသူတို့သည်လည်းညဉ့် အခါ ယစ်မူးတတ်ကြ၏။ နေ့၏ သားဖြစ်သော ငါတို့မူ ကား၊သမ္မာသတိရှိကြကုန်အံ့။ ယုံကြည်ခြင်း၊ချစ်ခြင်းတည်း ဟူသောရင်အုပ်တန်ဆာကို ၎င်း၊ကယ်တင်ခြင်းသို့ရောက် မည်ဟုမြော်လင့်ခြင်းတည်း ဟူသောသံခမောက်လုံးကို ၎င်း၊ ဝတ်ဆောင်ကြကုန်အံ့ (၁ သက် ၅:၅-၈)။

သခင်ဘုရားပြန်လည်ကြွလာ တော့မယ့် အမှန်တရားကို ထောက်ချင့်ပြီးကျွန်တော်တို့ ဟာ ဆုတောင်းခြင်းမှာနိုး ကြားနေရမယ်၊ယုံကြည်ခြင်း နဲ့ကောင်းသောအမှုတွေပြည့် စုံနေရမယ်၊ ပြီးတော့ ဇဝံ ဂေလိလုပ်ငန်းမှာတက်ကြွနေ ရပါမယ်။

ခေတ်သစ်စာရေးဆရာတစ် ယောက်က ဒုတိယအကြိမ်

ကြွလာခြင်းအကြောင်းသွန်သင်ချက်ဟာဧဝံဂေလိဝေမျှခြင်းကိုပိုပြီး အရေးတကြီး လုပ်ဆောင်ချင်စိတ်ဖြစ်စေတယ်လို့ ဆိုပါတယ်။

အစောပိုင်းခရစ်ယာန်အသင်းတော်ကာလတွေမှာတုန်းကလည်း သခင်ဘုရားပြန်ကြွလာမယ့် သွန်သင်ချက်ဟာသူတို့ရဲ့ဧဝံဂေလိကြိုးပမ်းမှုအတွက် ကြီးမားတဲ့ တွန်းအားတစ်ခု ဖြစ်ခဲ့ပါတယ်။ တမန်တော်ပေါလုရဲ့သတင်းစကားကတော့ ယခုပင် လက်ခံရမည့်အချိန်ဖြစ်၏။ ယခုပင်ကယ်တင်ခြင်းနေ့ရက် ဖြစ်၏ (၂ ကော ၆:၂) ဆိုတာပါပဲ။ အချိန်မနှောင်းခင်မှာဧဝံဂေလိတရားဟောပြောခြင်းအားဖြင့် လူအများကြီးကို ကယ်တင်ခြင်းပိုက်ကွန်ထဲရောက်လာ အောင် လုပ်ဆောင်ဖို့က ဒီနေ့ခေတ်မှာ တကယ်ကို အရေးကြီးပါတယ်။

ဒီနေ့မှာ ကျွန်တော်တို့ရဲ့ အချိန်၊ ဆုကျေးဇူးနဲ့ ကြိုးစားအားထုတ်မှုတွေကိုတခြားသူတွေရဲ့ဘဝထဲမှာရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်။ သခင်ဘုရားပြန်လည်ကြွလာမယ့်အလင်းကိုကြည့်ပြီးခရစ်ယာန်တိုင်းဟာလူသားတွေရဲ့ တစ်ခုတည်းသောကယ်တင်ရှင်ဖြစ်တဲ့ သခင်ယေရှုခရစ်ကို သက်သေခံဖို့ ဘုရားသခင်ရဲ့ လက်တော်ထဲက အသုံးတော်ခံကိရိယာတွေဖြစ်နေသင့်ပါတယ်။

စင်ကြယ်ခြင်းသက်ရောက်မှုကိုဖြစ်စေခြင်း။ဘယောဟန် ၃:၃ မှာ ထိုသို့မြော်လင့်သောသူမည်သည်ကား၊ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ် သန့်ရှင်း စေတတ်၏။လို့ ဆိုထားပါတယ်။ အခန်းကြီး ၂မှာလည်း တမန်တော်ယောဟန်ကကျွန်တော်တို့ဟာ ကိုယ်တော်၌ တည်နေရမယ်၊ ဒါမှ ယေရှု ထင်ရှားပေါ်ထွန်းတဲ့အခါကိုယ်တော့် ရှေ့မှာရှက်ကြောက်ခြင်းမရှိဘဲ၊ရဲရင့်တဲ့ စိတ် ရှိနိုင်မှာဖြစ်တယ်လို့ ပြောခဲ့ပါတယ် (၂:၂၇-၂၈)။ ယေရှု ကြွလာတဲ့အခါ ကျွန်တော်တို့ အရှက်မရဘဲအသင့်ရှိ နေမယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ။

တမန်တော်က ဆက်ပြောပြထားပါတယ်။ဒီမျှော်လင့်ချက်ရှိတဲ့သူ (ဒီမျှော်လင့်ချက်က စိတ်နှလုံးကိုလွှမ်းမိုးထားတဲ့သူ)မည်သူမဆို ကိုယ်တော် စင်ကြယ်သလို ကိုယ့်ကိုယ် ကိုယ်စင်ကြယ်စေတတ်တယ် (၃:၃)။ ဒီမျှော်လင့်ချက်က စိတ်ထဲ စွဲမြဲနေတဲ့ ခရစ်ယာန်တစ်ယောက်ဟာဘဝအသက်တာ သန့်ရှင်းဖို့၊ အမှုတော်မှာ အလုပ်များနေဖို့နဲ့ကျနော်တို့ကို ကယ်တင်တော်မူသော ဘုရားသခင်၏သွန်သင်တော်မူချက်ကိုခပ်သိမ်းသောအရာတို့၌ တန်ဆာဆင် ဖို့ပဲ အမြဲကြိုးစားနေမှာ ဖြစ်ပါတယ် (တိတု ၂:၁၀)။

ဒီနေရာမှာတမန်တော်ယောဟန်ကစင်ကြယ်ခြင်းကို ကျွန်တော်တို့ကိုယ်တိုင်လုပ်ဆောင်ရမယ့်အရာ တစ်ခုအဖြစ် ဖော်ပြထားတာပါ (၂ တိ ၂:၂၁ ကိုလည်း ကြည့်ပါ)။ ဒါဟာဘုရားသခင်ကျွန်တော်တို့ထဲမှာအလုပ်လုပ်ပေးနေတဲ့အရာကို အပြင်မှာ လက်တွေ့အသက်ရှင်ပြရတဲ့ ကိစ္စဖြစ်ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်ကတော့ဘုရားသခင်ပြင်ဆင်ပေး ထားတဲ့ နည်းလမ်းဖြစ်ပြီး ကိုယ်တော်ကလုပ်ဆောင်ပေးတာပါ။ ကျွန်တော်တို့ရဲ့ အပိုင်းကတော့ ဘုရားသခင်ပေးထားတဲ့အဲဒီနည်းလမ်းတွေကို အသုံးပြုဖို့ပါပဲ။ဒီ သဘောနဲ့ ကြည့်ရင် ကျွန်တော်တို့ ကိုယ်တိုင် လုပ်ဆောင်ရတာဖြစ်ပါတယ်။

ငါတို့ရှိသမျှသည်မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည်ရောင်ခြည်တော်ကိုလွှတ်တော်မူသည့်အတိုင်း၊ငါတို့သည် ဘုန်းအသရေ တိုးပွါး၍ ပုံသဏ္ဌာန်တော်နှင့်အညီပြောင်းလဲ ခြင်း ရှိရကြ၏။ (၂ ကော ၃:၁၈)။

ပြန်လည်ကြွလာမယ့်သခင်ဘုရားဆီမှာ မျက်စိကို အမြဲစိုက်ကြည့်ရင်းကျွန်တော်တို့ရဲ့စရိုက်လက္ခဏာတွေထဲမှာကိုယ်တော့်ရဲ့ချစ်စဖွယ်ကောင်းခြင်းနဲ့ လှပခြင်းတွေ ထင်ဟပ်ပေါ်လွင်နေပါစေ။

ခရစ်တော်ပြန်လည်ကြွလာမယ်ဆိုတဲ့ယုံကြည်ခြင်းဟာဘဝအသက်တာသန့်ရှင်းစင်ကြယ်ဖို့အတွက်တကယ့်ကိုအကြီးမားဆုံးသောတွန်းအားတစ်ခု ဖြစ်ရပါမယ်။

ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်းသတင်းကောင်းကို ပုံမှန်ထုတ်ဝေနိုင်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါတယ်။

ဤသတင်း ကောင်းနှင့် ပါတ်သက်၍အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါတယ်။

Rev.Run Lian, P.O.Box -0145, Yangon, Tel: 0945211 2354

ခရစ်တော် မကြာမီ ပြန်လည်ကြွလာတော့မယ့် အလင်းတော်၌ အသက်ရှင်ခြင်း

(In The Light Of Christ's Imminent Return)

By Fred D. Jarvis

ကျွန်တော်တို့ပတ်ဝန်းကျင်တစ်ခုလုံးမှာ ကြည့်လိုက်ရင် ကျွန်တော်တို့ဟာကမ္ဘာကြီးရဲ့ နောက်ဆုံးမျိုးဆက်မှာအသက်ရှင်နေရပြီးခရစ်တော်ပြန်လည်ကြွလာဖို့ အချိန်ဟာ တကယ့်ကိုရင်သပ်ရှုမောဖွယ် နီးကပ်နေပြီဆိုတဲ့နိမိတ်လက္ခဏာတွေအပြည့်ရှိနေပါတယ်။ ကျမ်းစာကို သိကျွမ်းတဲ့ ကျွန်တော်တို့ခရစ်ယာန်တွေမှာတော့ကိုယ်တော်ပြန်လည်ကြွလာမယ့် မင်္ဂလာရှိသောမျှော်လင့်ချက် ရှိကြတာပေါ့။ ဘုန်းကြီးသော နိုင်ငံတော်ရဲ့ တံခါးဝဟာ ပွင့်တော့မလို ဖြစ်နေပြီး ကျွန်တော်တို့ဟာ ရှင်ဘုရင်ကိုဖူးတွေ့ရတော့မှာပါတဲ့ (ဟေ ၃၃:၁၇)။ သေချာတာကတော့ ကျွန်တော်တို့စပြီး ယုံကြည်ခဲ့တဲ့အချိန်ကထက်စာရင် အခုအချိန်ဟာ ပိုပြီးနီးကပ်လာခဲ့ပါပြီ။

လဲပြိုနေတဲ့ ဒါဝိဒ်ရဲ့တဲတော်ဟာ အခုအချိန်မှာတော့ ဘုရားသခင်ကတပါးအမျိုးသားတို့ထဲကမိမိနာမအဖို့ ပြည်သူပြည် သားတို့ကို ရွေးချယ်ခြင်းငှာ ရှေးဦးစွာ အကြည့်အရှုကြွတော်မူပြီ။ ထို နောက်မှငါပြန်လာမည်။ လဲပြိုသောဒါဝိဒ်၏တဲကိုတစ်ဖန်ဆောက်ဦးမည်။ ပြိုပျက်ရာများကို ပြုပြင်၍ ထောင်ဦးမည်(တမန် ၁၅:၁၃-၁၆) လို့ ဆိုထားတဲ့အတိုင်းဖြစ်ပျက်နေတာပါ။ ကျမ်းစာထဲကပရောဖက်ပြု ချက် အမြောက်အမြားဟာဒီနေ့ခေတ်မှာဘယ်လိုတောင် ကွက်တိ ပြည့်စုံနေလဲဆိုတာ အံ့သြစရာပါပဲ။ သောဒုံမြို့ရဲ့အကျင့်ဆိုး (လိင်တူဆက်ဆံ ခြင်းနဲ့ ကာမဂုဏ်အပြစ်)တွေဟာ ခေတ်ကာလရဲ့နိမိတ်လက္ခဏာတစ်ခုပဲဖြစ်ပါတယ်နောဧလက်ထက်၌ ဖြစ်သကဲ့သို့လူသားလက်ထက်၌ ဖြစ်လိမ့်မည်။

နောဧသည်သင်္ဘောထဲသို့ဝင်၍၊ ရေလွှမ်းမိုးခြင်းဖြစ်သဖြင့်လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှင်းသည် နေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊ထိမ်းမြားစုံဘက်လျက်နေကြ၏။

ထိုနည်းတူ၊ လောတလက်ထက်၌ လူများတို့သည် စားသောက် ရောင်းဝယ်လျက်၊ စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်နေသကဲ့သို့၎င်း၊လောတသည်သောဒုံမြို့မှထွက်သောနေ့၌ကောင်းကင်မှ ကန့်နှင့်ရောသောမီးမိုးယံးရွာ၍ ထိုလူ အပေါင်းတို့ကို သုတ်သင်ပယ်ရှင်းသကဲ့သို့၎င်း၊လူသားပေါ်ထွန်းသောနေ့၌ဖြစ်လိမ့်မည်။(လုကာ ၁၇:၂၆-၃၀)။

မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ (ကမ္ဘာ ၆:၁၁)။ "မြေကြီးပေါ်မှာလူအပြစ်ကြီး၍၊သူ၏ စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည်အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို၊ ဘုရားသခင်သိမြင်တော်မူ၏"(ကမ္ဘာ ၆:၅)။ လွန်ခဲ့တဲ့မိခင်မျိုးဆက်တုန်းကဆိုရင် လိင်တူချစ်သူတွေရဲ့ လူနေမှုပုံစံကိုလူမှုပတ်ဝန်းကျင်ကအခုလို ပွင့်ပွင့် လင်းလင်း လက်ခံလာလိမ့်မယ်လို့ ဘယ်သူကထင်ခဲ့မှာလဲ။

ဒါဟာ ကျွန်တော်တို့နိုင်ငံသမိုင်းတစ်လျှောက်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ ထူးခြားတဲ့ ပြောင်းလဲမှုပါပဲ။ **ဘာသာတရား စွန့်ခွာခြင်း (ဖောက်ပြန်ခြင်း) ဟာလည်း ခေတ်ကာလရဲ့နောက်ထပ်နိမိတ်တစ်ခုပါပဲ။**ဝိညာဉ်တော်သည်အတည့်အလင်းဗျာဒိတ်ထားတော်မူသည်ကား၊နောင်ကာလ၌ဩဇာပွစိတ်တွင်သံပူနှင့် ခတ်ခြင်းကို ခံပြီးလျှင်၊ မုသာစကားကိုပြောတတ်သောသူတို့၏လျှို့ဝှက်ခြင်းအားဖြင့်၊ လူအချို့တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်ကြလိမ့်မည်(၁ တိ ၄:၁)။ အကြောင်းမူကား၊နောင်ကာလ၌လူတို့သည်စင်ကြယ်သော သြဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည် (၂ တိ ၄:၃-၄)။ မိစ္ဆာပရောဖက်အများတို့သည်ပေါ်လာ၍လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။(မဿဲ ၂၄:၁၁)။ ဒုစရိုက်တွေတိုးပွားလာတာဟာလည်း နောက်ထပ် လက္ခဏာတစ်ခုပါပဲ။နောင်ကာလသည်ခဲယဉ်းသော ကာလ ဖြစ်မည်ဟုသိမှတ်လော့။အဘယ်သို့နည်းဟူမူကား၊လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ငွေကိုတပ်မက်သောသူ၊ဝါကြွားသောသူ၊ထောင်လွှားစော်ကားသောသူ၊သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ချောစားတတ်သောသူ၊ ကိုယ်ကျွန်ဇွေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သူ၊သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကိုဖျက်တတ်သောသူ၊သတိပေးခြင်းကိုမခံသောသူ၊မာန်မနှင့်ယစ်မူးသောသူ၊ဘုရားသခင်ကို နှစ်သက်သည် ထက်ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍၊ မွေ့လျော်ခြင်း တန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့။(၂

တိ ၃:၁-၅)။ မတရားသော အမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်း မေတ္တာသည် ခေါင်းပါးလိမ့်မည် (မသဲ ၂၄:၁၁-၁၂)။

တကယ်တော့ဇာတ်ခုံကို ပြင်ဆင်ပြီးနေပါပြီ။ကျမ်းစာက ကျွန်တော်တို့ကိုဒီလိုသွန်သင်ထားပါတယ်။ကိုယ်တော်ထင်ရှားပေါ်ထွန်းခြင်းကိုတောင့်တသောသူ ဖြစ်ဖို့ (၂ တိ ၄:၈)၊ ကိုယ်တော်ကိုမျှော်လင့်သောသူဖြစ်ဖို့ (ဟေရှာယ ၉:၂၈)၊ ကျနော်တို့ရှေ့၌ ထားသောမျှော်လင့်ခြင်းကိုကိုင်စွဲကြကုန်အံ့။ ထိုမျှော်လင့်ခြင်းသည် မြဲမြံခိုင်ခံ့လျက်၊ကျနော်တို့စိတ်ဝိညာဉ်၏ကျောက်ဆူးကဲ့သို့ ဖြစ်၏ (ဟေဗြဲ ၆:၁၈-၁၉)။ ကျနော်တို့သည် ယခု ပစ္စုပ္ပန်ကမ္ဘာ၌ စောင့်စည်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ကျင့်လျက်အသက်ရှင်ရမည်အကြောင်းနှင့် မင်္ဂလာရှိသောမျှော်လင့်ချက်တည်းဟူသောကြီးမြတ်တော်မူသော ဘုရားသခင်နှင့်ကျနော်တို့ ကယ်တင်ရှင် ယေရှုခရစ်၏ ဘုန်းတော်ထင်ရှားပေါ်ထွန်းခြင်းကိုမျှော်လင့်ရမည်အကြောင်း (တိတု ၂:၁၂-၁၃)၊ တစ်ယောက် ကိုတစ်ယောက် တိုက်တွန်းနှိုးဆော်ကြလော့။ ထိုနေ့ရက်ကာလသည်နီးကပ်လာသည်ကိုသိမြင်သည် အတိုင်းသာ၍ ကြိုးစားကြ လော့ (ဟေဗြဲ ၁၀:၂၅)၊ ကိုယ်တော်၌တည်နေကြလော့။သို့ပြုလျှင် ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ကျနော်တို့သည် ရဲရင့်သောစိတ်ရှိ၍ကြွလာတော်မူသော အခါမျက်နှာပျက်ခြင်းနှင့် ကင်း လွတ်ကြလိမ့်မည်(၁ ယော ၂:၂၈)။ သခင် ယေရှု ပြန်လည်ကြွလာမယ့် အမှန်တရားဟာဝိညာဉ်များဖမ်းဆီးခြင်း ပေးကမ်းစွန့်ကြခြင်းနဲ့ သာသနာပြု လုပ်ငန်းတွေအတွက်အကြီးမားဆုံး သောတွန်းအား ဖြစ်သင့်ပါတယ်။ သတ္တဝါ အပေါင်းတို့အား ခရစ်တော်တရားမျှဝေဖို့ဆိုတာကျွန်တော်တို့ရဲ့ရှင်းလင်းပြတ်သားတဲ့တာဝန်ဖြစ်နေတုန်းပါပဲ။ လောကီရုပ်ဝတ္ထုမက်မောမှုတွေနေရာမှာဇဝံဂေလိတရားက အစားထိုးဝင်ရောက်ရပါမယ်။အပေါ်ယံဘာသာရေးပုံစံခွက်တွေနေရာမှာဝိညာဉ်ရေးရာမီးတောက်တွေ အစားထိုးရပါမယ်။ ကျွန်တော်တို့မှာ ကမ္ဘာကြီးကို ဇဝံဂေလိတရား ပြန်ပေးဖို့ အကြွေးရှိနေပါတယ်။ခရစ်တော်မကြာမီပြန်ကြွလာတော့မယ့်အလင်းကိုကြည့်ပြီး ကျွန်တော်တို့ရဲ့ဘဝဦးစားပေးတွေကိုပြန်လည်ပြင်ဆင်ရပါမယ်။ အခု ကျွန်တော်တို့ အသက်ရှင် နေထိုင်ပုံနဲ့ ပေးကမ်းနေတဲ့ ပမာဏအပေါ် ကိုယ်တော်စိတ်ကျေနပ်ပါ့မလား။ဆုတောင်းခြင်းကိုလည်းသူ့ရဲ့မှန်ကန်တဲ့နေရာမှာ ပြန်လည် ထားရှိရပါမယ်။ ကျွန်တော်တို့ဟာဝိညာဉ်တွေကယ်တင်ခြင်းရဖို့ အတွက် စိတ်နှလုံးထဲမှာ အသည်း အသန်ခံစားချက်ရှိဖို့လိုနေပါ ပြီ။ ကျွန်တော်တို့ရဲ့ဘုရားကျောင်းဝတ်ပြုခြင်းအစီအစဉ်တွေဟာအပေါ်ယံဆန်ပြီးပေါ့ပျက်ပျက်ဖြစ်နေတတ်ပါတယ်။ တမန်တော်ဝတ္ထုထဲက သတင်းစကားတွေကိုပြန်လည်ရှာဖွေဖော်ထုတ်ရပါမယ်။ ပင်တေကုတ္တေနေရဲ့ဝိညာဉ်တော်လေပြင်းနဲ့မီးတောက်ကို လိုအပ်နေပါတယ်။ ကြီးမြတ်၊ဘုန်းကြီးပြီးတန်ခိုးရှိလှတဲ့ ခရစ်တော်ရဲ့ အလှအပကို မြင်တွေ့နိုင်မယ့်အမြင်သစ်တစ်ခုလိုအပ်ပါတယ်။ဘုရားသခင်က ဒီနေ့မှာအမှုအရာသစ်ကိုလုပ်ဆောင်ချင်နေတာပါ။ ကိုယ်တော်က ပြီးပြည့်စုံတဲ့အလုပ်ကို ချက်ချင်းလက်ငင်းလုပ်ဆောင်ချင်နေတာပါ(၂ ရာ ၂၉:၃၆)။ နိုးထမှု (Revival) ဆိုတာ လူက လုပ်ယူလို့မရပါဘူး၊ဆုတောင်းပြီးကောင်းကင်ကနေကျလာအောင်လုပ်ရတာပါ။

ကျွန်တော်တို့ရဲ့ ရှုံရှာဖွေကောင်းလှတဲ့ ဝိညာဉ်ရေးရာခပ်နွေးနွေးဖြစ်မှုကိုနောင်တရကြရအောင်။ကိုယ့်ပြည်တွင်မှာတော့သန်းပေါင်းများစွာအကုန်အကျခံပြီးသာသနာပြုလုပ်ငန်းတွေအတွက်ကျတော့ အကြွေစေ့ အနည်းငယ်လောက်ပဲ ပေးလှူနေတဲ့အောက်တန်းကျတဲ့ဆက်ကပ်အပ်နှံမှုမျိုးကိုဘုရားသခင်ခွင့်လွှတ်တော်မူပါစေ။ ကျွန်တော်တို့ဟာဘုရားသခင်ရဲ့မဟာစေခိုင်းချက်ကိုဘယ်တော့မှအလေးအနက်ထားကြမှာလဲ။ ကျွန်တော်တို့ နိုးကြားရှိလာဖို့ဘုရားသခင် က ကျွန်တော်တို့ရဲ့အိမ်နောက်ဖေးကိုပုံးတွေချပြမှနိုးထကြမှာလား။နောင်တရခြင်းရဲ့လမ်းကျဉ်းလေးအတိုင်းကာရာဗာရီကုန်းတော်ဆီပြန်သွားကြစို့။ ဘုရားသခင်နဲ့ စိတ်ဝိညာဉ်ဆုံတွေ့ရာဘုန်းကြီးတဲ့ကုန်းမြင့်တွေဆီပြန်သွားကြရအောင်။ ယေရှု ပြန်လည်ကြွလာမယ့်အလင်းကိုကြည့်ပြီး ကိုယ်တော့်အတွက် အကောင်းဆုံးဖြစ်ဖို့ဆုံးဖြတ်ကြပါစို့။ ကမ္ဘာကြီးကို ဇဝံ ဂေလိဝေမျှဖို့ ကျန်ရှိနေသေး တဲ့တာဝန်တွေအတွက်ဘုရား သခင်က ကျွန်တော်တို့ရဲ့ နှလုံးသားကိုနှိုးဆော်၊စိတ်ကိုလင်း လင်းပွင့်စေပြီးဝိညာဉ်တွေကိုမီးတောက်စေတော်မူပါစေ။ ခရစ်တော်ကကျွန်တော်တို့ကယ်တင်ခြင်းအတွက်အဖိုးအခကိုပေးဆပ်ခဲ့ပြီးပါပြီ။ကျွန်တော်တို့ ကလည်း ဒါကို တစ်ကမ္ဘာလုံး သိအောင် ပြန်လည်ကြေညာဖို့ အဖိုးအခ ပေးဆပ်ကြပါစို့။ ယေရှုမကြာခင်ကြွလာတော့မှာပါ။ ဒီလိုကျပ်တည်းတဲ့နေ့ရက်ကာလတွေမှာသန့်ရှင်းတဲ့အသက်တာနဲ့နေထိုင်ဖို့နဲ့ပြည်တွင်းပြည်ပက ပျောက်ဆုံးနေတဲ့ဝိညာဉ် တွေကိုကယ်တင်ဖို့အစွမ်းကုန်ကြိုးစားဖို့လိုအပ်ပါတယ်